# လူကုန်ကူးခံရသူများကို ကာကွယ်ပေးရေး ပေါ်လစီလမ်းညွှန်

The Bali Process

on People Smuggling, Trafficking in Persons and Related Transnational Crime

လူမှောင်ခိုတင်သွင်းခြင်း၊ လူကုန်ကူးခြင်းနှင့်နယ်စပ်ဖြတ်ကျော်ခြင်းဆိုင်ရာ ရာဇဝတ်မှုများဆိုင်ရာ ဘာလီလုပ်ငန်းစဉ်(Bali Process)

ဥပဒေရေးဆွဲသူများနှင့်သုံးစွဲသူများအတွက် နိဒါန်းလမ်းညွှန်



# The Bali Process

## ဘာလီလုပ်ငန်းစဉ်

လူမှောင်ခိုတင်သွင်းခြင်း၊ လူကုန်ကူးခြင်းနှင့်နယ်စပ်ဖြတ်ကျော်ခြင်းဆိုင်ရာ ရာဇ ဝတ်မှုများအတွက် ဘာလီလုပ်ငန်းစဉ်(Bali Process)ကို ၂၀၀၂ တွင်ဖွဲ့စည်းခဲ့ပြီး၊ ဩစတေးလျနှင့် အင်ဒိုနီးရှားအစိုးရတို့ က စုပေါင်းသဘာပတိအဖြစ် တာဝန်ယူ ထားသော၊ မိမိဆန္ဒအလျောက်နှင့် စာချုပ်မချုပ်ဆို ထားသော ဒေသဆိုင်ရာအ တိုင်ပင်ခံလုပ်ငန်းစဉ်တစ်ခုဖြစ်ပြီး၊ အဖွဲ့ဝင်စုစုပေါင်း ၄၅ ထက်ပိုသောနိုင်ငံများနှင့် အဖွဲ့အစည်းများဖြင့် ဖွဲ့စည်းထားပါသည်။
ဤမူဝါဒလမ်းညွှန်နဲ့ ပတ်သက်၍ မေးမြန်းချက်များအား ဘာလီလုပ်ငန်းစဉ်မှ ဒေသဆိုင်ရာပံ့ပိုးမှုရုံး(RSO) သို့ ပို့ သနိုင်ပါသည်။

အီးမေးလ်။ info@rso.baliprocess.net
RSO ဝက်ဆိုက်။
http://www.baliprocess.net/regional-support-office

ထုတ်လုပ်ရက်စွဲ။ မေ ၂၀၁၅။

# အသိအမှတ်ပြုမှုများ

ဤပေါ်လစီလမ်းညွှန်ကို ဘာလီလုပ်ငန်းစဉ်(Bali Process)အဖွဲ့ဝင်များက စုစည်းတင်ပြထားပြီး၊ ဒေသဆိုင်ရာထောက်ပံ့ရေးရုံးက ထောက်ပံ့ထားပြီး၊ ဘာလီလုပ်ငန်းစဉ်ဥပဒေမူကြမ်းရေးဆွဲရေးကော်မတီ (Bali Process Policy Guides Drafting Committee)က ဦးဆောင်ခဲ့ပြီး အောက်ပါအဖွဲ့ဝင်များဖြင့်ဖွဲ့စည်းထားပါသည်။

Lalu Muhamad Iqbal,
အင်ဒိုနီးရှားနိုင်ငံသားများနှင့်ဥပဒေရေးရာအဆောက်အအုံများကာကွယ်ရေးအတွက် ဒေတ္တဒါရိုက်တာ၊ နိုင်ငံခြားရေးရာဝန်ကြီး၊ အင်ဒိုနီးရှား(ပူးတွဲသဘာပတိ)

---

Jonathan Martens,
ရွှေ့ပြောင်းနေထိုင်သူများ အထောက်အကူတပ်ရဲ့ ဦးဆောင်၊ အာရှနှင့်ပစိဖိတ်ဒေသအတွက် ဒေသဆိုင်ရာရုံး၊ ရွှေ့ပြောင်းနေထိုင်ခြင်းအတွက်နိုင်ငံတကာအဖွဲ့အစည်း(ပူးတွဲသဘာပတိ)

---

Megan Chalmers,
ရာထူးကြီးဥပဒေရေးရာအရာရှိ
လူသားများဆိုင်ရာပြစ်မှုကျူးလွန်မှုအပိုင်း
နိုင်ငံတော်ရှေ့နေချုပ်ဌာန၊
ဩစတေးလျ

---

Mohamed Shifan,
လူဝင်မှုကြီးကြပ်ရေးအကြီးအကဲအရာရှိ
လူဝင်မှုကြီးကြပ်ရေးနှင့်အခြားနိုင်ငံသို့ ပြောင်းရွှေ့အခြေစိုက်နေထိုင်ခြင်းဌာန၊ မောလဒိုက်

---

Robert Larga,
လိုင်စင်ထုတ်ပေးရေးနှင့်စည်းမျဉ်းရေးဆွဲရေးဒါရိုက်တာ၊
ဖိလစ်ပိုင်နိုင်ငံရပ်ခြားအလုပ်သမားငှားရမ်းခြင်းစီမံခန့်ခွဲခြင်း၊
ဖိလစ်ပိုင်

---

Pinthip Leelakriangsak Srisanit,
အများပြည်သူတရားစွဲရေးရှေ့နေ၊
နိုင်ငံတကာရေးရာဌာန၊
နိုင်ငံတော်ရှေ့နေချုပ်ရုံး
ထိုင်း

---

ဥပဒေမူကြမ်းရေးဆွဲရေးကော်မတီမှထပ်မံဖြည့်စွက်အထောက်အကူများအတွက်
Tim Howe,
IOM စီမံကိန်းဦးဆောင် ဆောင်ရွက်သူ၊
ဒေသဆိုင်ရာထောက်ပံ့ရေးရုံး

# The Bali Process

# ဘာလီလုပ်ငန်းစဉ်

# နိဒါန်း

၂၀၀၂မှအစပျိုးခဲ့ပြီးနောက်၊ လူကုန်ကူးမှု၊ လူမှောင်ခိုမှုနှင့်နိုင်ငံဖြတ်ကျော်ပြစ်မှုများဆိုင်ရာဘာလီမူဝါဒကို လူအများက အထူးလေ့လာသည့်အတွက်ကြောင့် ဗျူဟာနှင့်လက်တွေ့ ပူးပေါင်းဆောင်ရွက်မှုတို့ ကိုတုံ့ပြန်ကျေးဇူးဆပ်ကြပါသည်။ ဤအခမ်းအနားညီလာခံတွင် အဖွဲ့ဝင် ၄၈ နိုင်ငံနှင့်နိုင်ငံတကာအဖွဲ့အစည်းများ၊ နိုင်ငံတကာအေဂျင်စီများနှင့်စောင့်ကြည့်လေ့လာသူများပါဝင်ကြပါသည်။

ဘာလီမူဝါဒဆိုင်ရာရှစ်ကြိမ်မြောက် (Ad Hoc Group)ညီလာခံတွင်၊ အထက်တန်းအရာရှိတို့ က လူကုန်ကူးခံရသူများဖော်ထုတ်ရေးနှင့်ကာကွယ်ရေးဆိုင်ရာ ပေါ်လစီလမ်းညွှန်ချက်တို့ ကို ဘာလီဒေသဆိုင်ရာရုံး(RSO)နှင့် ပူးပေါင်းဆောင်ရွက်ရန် ထောက်ခံပြောဆိုပါသည်။ ဤလမ်းညွှန်ချက်အပြင်၊ RSOရုံးမှ အင်ဒိုနီးရှားအစိုးရနှင့် နိုင်ငံတကာရွှေ့ပြောင်းမှုအဖွဲ့အစည်း (IOM)မှ သဘာပတိအဖြစ်ဆောင်ရွက်သောမူကြမ်းကော်မတီကို ပေါ်လစီလမ်းညွှန်ချက်မူကြမ်းရေးဆွဲရန် ဖွဲ့စည်းပါသည်။ အဆိုပါ မူကြမ်းကော်မတီတွင် အင်ဒိုနီးရှား၊ ဩစတေးလျ၊ မောလဒိုက်၊ ဖိလစ်ပိုင်နှင့် ထိုင်းနိုင်ငံမှ ပညာရှင်များ ပါဝင်ပါသည်။

အဆိုပါကော်မတီသည် ၆-လအတွင်း ၄-ကြိမ် တွေ့ဆုံခဲ့ပြီး လကူကုန်ကူးခံရသူများရှာဖွေရေးနှင့် ကာကွယ်ရေးလုပ်ဆောင်ရန် ပဏာမလမ်းညွှန်ချက်များကို ရေးဆွဲပါသည်။ အဆိုပါလမ်းညွှန်ချက်များကို ဘာလီမူဝါဒရေးရာ ဆွေးနွေးရန်နှင့် အကြံပေးရန် ဘာလီအဖွဲ့ဝင်များနှင့်စောင့်ကြည့်သူများကို ဖြန့်ဖြူးပေးပါသည်။ ဤကိစ္စကို ဘာလီမူဝါဒ အလုပ်ရုံဆွေးနွေးပွဲ ၌၊ ထိုင်းနိုင်ငံ ဘန်ကောက်မြို့တွင် ၂၀၁၅ မတ်လ ၂၃ မှ ၂၅ ထိဆောင်ရွက်ခဲ့ပါသည်။ တက်ရောက်သူများက လူကုန်ကူးခံရသူများရှာဖွေရေးနှင့်ကာကွယ်ရေးလုပ်ငန်းတွင် အဆိုပါပေါ်လစီလမ်းညွှန်မှုတို့ က အသုံးဝင်ကြောင်း သဘောတူကြပါသည်။ အဖွဲ့ဝင်များမှ ကောက်ချက်များကိုတုန့်ပြန်သောအားဖြင့် အဆိုပါကော်မတီသည် မူကြမ်းများကို ပြင်ဆင်ရေးဆွဲပါသည်။

လူကုန်ကူးခံရသူများ ရှာဖွေရေးနှင့်ကာကွယ်ရေး ဘာလီမူဝါဒအဖွဲ့ဝင်နိုင်ငံတို့ မှ ကောင်းသောလက်တွေ့ ပိုင်းဆိုင်ရာ ရေးဆွဲခြင်းအတွက် ဤပေါ်လစီလမ်းညွှန်က နိုင်ငံတကာနှင့်ဒေသဆိုင်ရာ ခြုံငုံသုံးသပ်ရန် ပံ့ပိုးပါသည်။ ၂၀၁၃ ဧပြီလ ပဉ္စမအကြိမ် ဝန်ကြီးများအဆင့် ညီလာခံထောက်ခံချက်နှင့်အညီ ဤလမ်းညွှန်များသည် ဘာလီလမ်းညွှန်ဒုတိယတွဲအဖြစ် တည်ရှိနေပါသည်။ ထို့အပြင် ဘာလီအဖွဲ့ဝင်နိုင်ငံရှိ အေဂျင်စီများ ရည်ညွှန်းအသုံးပြုရန်အတွက် စေတနာ့ဝန်ထမ်း ပြုစုထားပါသည်။

Lisa Crawford
RSO တွဲဘက်မန်နေဂျာ (Australia)

Bebeb A.K.N. Djundjunan
RSO တွဲဘက်မန်နေဂျာ (Indonesia)

REGIONAL SUPPORT OFFICE
THE BALI PROCESS

# အတိုကောက်များနှင့်အကျဉ်းချုံးများ

| | |
|---|---|
| ASEAN | အရှေ့တောင်အာရှနိုင်ငံများအဖွဲ့ အစည်း |
| Bali Process (ဘာလီလုပ်ငန်းစဉ်) | လူမှောင်ခိုသွင်းခြင်း၊ လူကုန်ကူးခြင်းနှင့် နယ်စပ်ဖြတ်ကျော် ခြင်းဆိုင်ရာ ရာဇဝတ်မှုများအတွက် ဘာလီလုပ်ငန်းစဉ် |
| ILO | နိုင်ငံတကာအလုပ်သမားများအဖွဲ့ အစည်း |
| IOM | ပြောင်းရွှေ့ နေထိုင်သူများအတွက် ဖွဲ့ စည်းထားသောနိုင်ငံတကာ အဖွဲ့ အစည်း |
| MOU | နားလည်မှုစာချွန်လွှာ |
| NGO | အစိုးရမဟုတ်သောအဖွဲ့ အစည်း |
| Organized Crime Convention | နိုင်ငံများဆိုင်ရာနယ်စပ်ဖြတ်ကျော်ပြီး စနစ်တကျဖွဲ့ စည်းကျူး လွန်ထားသော ရာဇဝတ်မှုအတွက်ကုလသမဂ္ဂကွန်ဗန်းရှင်း |
| RSO | ဘာလီလုပ်ငန်းစဉ်(Bali Process)ရဲ့ ဒေသဆိုင်ရာပံ့ပိုးမှုရုံး |
| Trafficking in Persons Protocol | နိုင်ငံစပ်ကြားစုစည်းလုပ်ဆောင်သောပြစ်မှုများအတွက်ကုလ သမဂ္ဂမဟာမင်းကြီးရုံးက အထူးသဖြင့် အမျိုးသမီး များနှင့်ကလေးသူငယ်များအတွက် ရေးဆွဲထားသောလူ ကုန်ကူးမှုကာကွယ်ရေး၊ တိုက်ဖျက်ရေးနှင့်ပြစ်ဒဏ်ပေး ရေးဆိုင်ရာမူဝါဒ |
| UN | ကုလသမဂ |
| UNHCR | ဒုက္ခသည်များဆိုင်ရာကုလသမဂ္ဂမဟာမင်းကြီး |
| UNODC | မူးယစ်ဆေးဝါးနှင့်ရာဇဝတ်မှုဆိုင်ရာ ကုလသမဂ္ဂရုံး |

# မာတိကာများ


လုပ်ငန်းဆိုင်ရာအကျဉ်းချုပ် 2

အပိုင်း ၁။ လူကုန်ကူးခံရသူများကိုကာကွယ်ရန်နိဒါန်း 3

၁.၁။ လူကုန်ကူးခံရသူများကို ကာကွယ်ရန်နိုင်ငံတကာဥပဒေဘောင် 3
၁.၂။ ကာကွယ်ရေးဆိုင်ရာ စိန်ခေါ်မှုများ 5
၁.၃။ ကာကွယ်ရေးဆိုင်ရာ စဉ်းစားမှု၊ အရေးကြီးသောတာဝန်နှင့်အကျိုးစီးပွားများ 6

အပိုင်း ၂။ ကာကွယ်ရေးလုပ်ဆောင်ချက် 8

၂.၁။ ကနဦး ကာကွယ်ရေး 8
၂.၂။ ပြစ်မှုဆိုင်ရာဥပဒေတရားမျှတမှုလုပ်ငန်းစဉ်မှတစ်ဆင့်ကာကွယ်ပေးရေး 10
၂.၃။ စဉ်ဆက်မပြတ်ဖွံ့ဖြိုးသော ကာကွယ်ရေးဖြေရှင်းမှု 14

အပိုင်း ၃။ ညှိနှိုင်းခြင်းနှင့် ဘက်စုံပုဂ္ဂလိက၊ အစိုးရအကြီးအကဲများချဉ်းကပ်ခြင်း 17

၃.၁။ ကာကွယ်ရးဆိုင်ရာ ပုဂ္ဂလိက၊ အစိုးရအကြီးအကဲများ 17
၃.၂။ နိုင်ငံရေးအဆင့်ညှိနှိုင်းခြင်း 19
၃.၃။ လုပ်ငန်းအဆင့်ညှိနှိုင်းဆွေးနွေးခြင်း 20

အပိုင်း ၄။ လူကုန်ကူးခံရသူများကို ကာကွယ်ရေးအတွက် မှတ်ချက်များအကျဉ်းချုပ် 22

# လုပ်ငန်းဆိုင်ရာအကျဉ်းချုပ်

လူကုန်ကူးမှုသည်လူ့အခွင့်အရေးကိုဖောက်ဖျက်သောကြီးလေးသောပြစ်မှုဖြစ်ပါသည်။နိုင်ငံပေါင်းများစွာကနိုင်ငံတကာ တာဝန်ဖြင့်လူကုန်ကူးခံရသူများကိုကာကွယ်ရန်စာချုပ်အရတာဝန်ရှိပါသည်။အထူးသ ဖြင့် အမျိုးသမီးနှင့်ကလေး များ လူကုန်ကူးမှုကို နိုင်ငံတကာ လူ့ အခွင့် အရေးဖောက်ဖျက်မှု တစ်ရပ်ဟု ယုံကြည်ပါသည်။လူကုန်ကူးခံရသူကိုကာကွယ်ရေးသည်ပြစ်မှုဆိုင်ရာတရားစီရင်ရေးအတွက်ထိရောက်သောလုပ်ဆောင်ချက်ဖြစ်ပါသည်။အကယ်၍လူကုန်ကူးခံရသူကို မကာကွယ်ပါလျှင်လူကုန်ကူးသူများကို ပြစ်မှုဆိုင်ရာစွဲချက်တင် ရာတွင် အထောက်အကူပြုလိမ့်မည်မဟုတ်ပါ။

လူကုန်ကူးခံရသူများကို ကာကွယ်ရန်အတွက် ဤပေါ်လစီလမ်းညွှန်မှု လုပ်ပြီး လူကုန်ကူးခံ ရ သူတစ်ဦးချင်းစီ၏ လိုအပ်ချက်နှင့်အံ့ဝင်ခွင်ကျဖြစ်အောင် ကာကွယ်မှု ပေးရန်အထူးအကြံပြုပါသည်။ ၄င်းတို့အား ကာကွယ်ရေးမှာ အခြေအနေ(သို့)အချိန်အခါအရ တရားခွင်တွင် ရှာဖွေရပါမည်။ တိုင်းပြည်အာဏာပိုင်တို့ကိုလူကုန်ကူးမှုစိန်ခေါ်မှုအရပ်ရပ်အားပြည်သူများနားလည်သဘောပေါက်ရန်နှင့်ကိုင်တွယ်ဖြေရှင်းရန် နားလည်ချမှတ်ပေးပါသည်။

ကာကွယ်ရေးတာဝန်ကိုလုပ်ဆောင်ရန် တိုင်းပြည်တိုင်းမှ လူမှုစီးပွားရေးအဆင့်များကိုလည်း မြင့်တင်ရပါမည်။ ကနဦး ကာကွယ်ရေးတွင် ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာတိုးတက်ပြောင်းလဲရန် လိုအပ်ပါသည်။ ၄င်းတို့တွင် အတွေ့အကြုံတို့မှ နည်းလမ်းများရယူပြီး ခြိမ်းခြောက်မှု အရပ်ရပ်ကို ကိုင်တွယ်ဖြေရှင်းကာ အန္တရာယ်ရှိမှု အကဲဖြတ်ခြင်းတို့ လုပ်ရပါမည်။

ထိရောက်သော ကာကွယ်ဖြေရှင်းမှု အရပ်ရပ်က လူကုန်ကူးခံရမှုကို လူမှုရေး၊ စီးပွားရေး ဘဝတို့တွင် သင့်လျော်အောင် လမ်းစဉ်ချ၍ ကူညီရပါမည်။ နိုင်ငံဖြတ်ကျော်လူကုန်ကူးခံရသူသည် မိမိတို့မူရင်းနိုင်ငံသို့ပြန်လာသောအခါ သက်ဆိုင်ရာ နိုင်ငံအစိုးရတို့မှ ပြန်လည်ထူထောင်ရေး ကိစ္စတို့တွင် မူချမှတ်၍ ကူညီကြရပါမည်။

လူကုန်ကူးမှုကိစ္စတို့သည်မည်သည့်ဥပဒေကမှခွင့်မပြုခဲ့သောကြောင့် လျှို့ဝှက်စွာ လုပ် ဆောင်ရပါမည်။ သို့အတွက်ကြောင့်သတင်းမရပဲမဖမ်းဆီးနိုင်ပါ။သက်ဆိုင်ရာအစိုးရတို့မှလည်းအာရှပစိဖိတ်ဒေသတို့တွင်အချင်းချင်းပူးပေါင်းဆောင်ရွက်မှုများဘာလီစီမံကိန်းအကောင်အထည်ဖော်ရန်လုပ်ဆောင်ပံ့ပိုးရပါမည်။နှစ်ဦးနှစ်ဖက်ပူးပေါင်းဆောင်ရွက်မှုဖြင့်ဤပေါ်လစီလမ်းညွှန်ကလူကုန်ကူးမှုကာကွယ်ရေးလုပ်ထုံးလုပ်နည်းကိုမီးမောင်းထိုးပြပါလိမ့်မည်။ဘာလီစီမံကိန်းကိုဆက်လက်၍ အကောင်အထည်ဖော်ရပါမည်။

# အပိုင်း ၁။

## လူကုန်ကူးခံရသူများကိုကာကွယ်ရန် နိဒါန်း

### ၁.၁။ လူကုန်ကူးခံရသူများကိုကာကွယ်ရန် နိုင်ငံတကာဥပဒေဘောင်

ကုလသမဂ္ဂ နိုင်ငံဖြတ်ကျော်ပြစ်မှုကာကွယ်ရေးညီလာခံ စည်းမျဉ်း ၂၅ က အဖွဲ့ဝင်နိုင်ငံများအား လူကုန်ကူးမှုခြိမ်းခြောက်ခြင်းနှင့် အားကိုးထိုက်သော နစ်နာကြေးများ ရရှိရန် တာဝန်ယူစေပါသည်။ ခံရသူများကိုကာကွယ်ခြင်းသည် အမျိုးသမီး၊ ကလေးအပါအဝင် လူကုန်ကူးမှုကိုနှိမ်နင်းရန်၊ ပြစ်ဒဏ်ပေးရန် စီမံခြင်းဆိုင်ရာ ရည်ရွယ်ချက်ဖြစ်ပါသည်။ ၄င်းမှာ ပြစ်မှုဆိုင်ရာ ညီလာခံဆုံးဖြတ်ချက်များကို ဖြည့်ဆည်းပေးပါသည်။ လူကုန်ကူးမှုစီမံချက် အပိုဒ် ၆ က အောက်ပါအတိုင်းဖော်ပြပါသည်။

- အဖွဲ့ဝင်နိုင်ငံတို့ သည် လူကုန်ကူးမှုကို ဖော်ထုတ်ကာကွယ်ပြီး ဥပဒေရေးရာနှင့်ကိုင်တွယ်ရန် (အပိုဒ် ၆(၁))
- အဖွဲ့ဝင်နိုင်ငံများသည်တရားရုံးများသို့လူကုန်ကူးခံရသူများအားသတင်းအချက်အက်နှင့်တကွတင်ပြကိုင်ထားရန်( အပိုဒ် ၆(၂))
- အဖွဲ့ဝင်နိုင်ငံတို့ သည် လူကုန်ကူးခံရသူများကို ပြန်လည်ထူထောင်ရေးလုပ်ရာတွင် နစ်သိမ့်ဆွေးနွေးခြင်း၊ ပညာပေးခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းပေးခြင်းနှင့်ကျန်းမာရေးစောင့်ရှောက်မှုစသည်တို့ တွင် ရုပ်ပိုင်း၊ စိတ်ပိုင်း၊ လူမှုရေးပိုင်း ပြန်လည်နလံထရန် (အပိုဒ် ၆(၃))
- လူကုန်ကူးခံရသူများကို ရုပ်ပိုင်းဆိုင်ရာ လုံခြုံမှုပေးရန် (အပိုဒ် ၆(၅))
- အဖွဲ့ဝင်နိုင်ငံများသည် လူကုန်ကူးခံရသူများကို နစ်နာကြေးပေးရန် ဥပဒေရေးဆွဲရမည်။(အပိုဒ် ၆(၆))

လူကုန်ကူးတိုက်ဖျက်ရေးဆိုင်ရာ စီမံချက်အရ ခံရသူများ၏ အသက်၊ လိင်နှင့် လိုအပ်မှုတို့ ကို မှတ်တမ်းပြုကာ အထူးသဖြင့်ကလေးများအား နေထိုင်ရေး၊ ပညာရေးနှင့် ကျန်းမာရေး စောင့်ရှောက်ပေးရပါမည်။(အပိုဒ် ၆(၄))

**အကြံပြုချက်။ လူကုန်ကူးခံရသူများကိုကာကွယ်ရေးအတွက်အဓိကကျသောမူဝါဒများကိုလိုက်နာပါ။**

- နိုင်ငံတွင်း တရားမဝင် ဝင်ရောက်လာခြင်း(သို့ )နေထိုင်ခြင်းအတွက် လူကုန်ကူးခံရသူများကို မထိန်းသိမ်းရ၊ ပုဒ်မ မတပ်ရ(သို့ )တရားမစွဲရ။
- လူကုန်ကူးခံရသူများကို ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုကို လုံလောက်စွာ ရပိုင်ခွင့်ပေးပါ။
- ဥပဒေကြောင်းရင်ဆိုင်နေရသော လူကုန်ကူးခံရသူများကို ဥပဒေဆိုင်ရာနှင့်အခြားသောအကြံဉာဏ်၊ အကူအညီပေးပါ။
- ကလေးအခွင့်အရေးများ၊ ရပိုင်ခွင့်များနှင့် လိုအပ်ချက်များနှင့်အညီ လူကုန်ကူးခံရသူ ကလေးသူငယ်တို့ ကို သင့်လျော်သောအထောက်အပံ့နှင့် အကာအကွယ်ပေးပါ။
- နေရင်းနိုင်ငံသို့ မိမိဆန္ဒအလျောက်ပြန်သောသူများကို ဘေးကင်းရေး အာမခံပေးပါ။
- လူကုန်ကူးခံရသူများကို အကျိုးသက်ရောက်မှု၊ သင့်လျော်သော ဥပဒေဆိုင်ရာကုစားမှု၊ ပြေလျော့မှုပေးပါ။

လူ့ အခွင့်အရေးသံအမတ်ကြီးရုံး(OHCHR)မှအကြံပြုထားသော လူ့ အခွင့်အရေးနှင့်လူကုန်ကူးမှုဥပဒေများနှင့် လမ်းညွှန်ချက်များကိုကြည့်ပါ။

လူကုန်ကူးမှုကာကွယ်ရေးဆိုင်ရာ ပြဋ္ဌာန်းချက်များကို နိုင်ငံတကာမှ ပိုမိုနားလည်သဘောပေါက်အောင် ဖန်တီးပေးရမည်။ ၎င်းတို့ ကို လူ့ အခွင့်အရေးနှင့် လူသားခြင်းစာနာသည့် ဥပဒေအပါအဝင် နိုင်ငံတကာ ဥပဒေနှင့်အညီနားလည်သဘော ပေါက်ရမည်။(အပိုဒ် ၁၄(၁))

> အကြံပြုချက်။ နိုင်ငံတကာဥပဒေပါကာကွယ် ရေး ပြဋ္ဌာန်းချက်များကိုအကောင်အထည် ဖော်ပါ။
>
> လူကုန်ကူးမှုဆန့် ကျင်ရေးစီမံချက် အနိမ့်ဆုံးစံချိန်စံ ညွှန်းကိုကျော်လွန်၍လုပ်ကို င်သောနိုင်ငံများကို အခြား နိုင်ငံများအနေနှင့် စံနမူနာယူရန်တိုက်တွန်းပါသည်။ ဥပမာ- တရားစွဲမှုအပြင် လျော်ကြေးပေးခြင်း မူဝါဒများ ပြဋ္ဌာန်းပါ။

၁၉၆၇ဒုက္ခသည်များအနေအထားဆိုင်ရာစီမံချက်နှင့်၁၉၅၁ဒုက္ခသည်များအနေအထားဆိုင်ရာညီလာခံနှင့်အမှားအယွင်းကင်းမှု(non-refoulment)မူဝါဒများ အရအဖွဲ့ဝင်နိုင်ငံတိုမှဒုက္ခသည်(သို့)ခို လှုံခွင့်တောင်းသူများအားလူမျိုး၊ကိုးကွယ်သည့်ဘာသာ၊နိုင်ငံသား၊ လူမှုအဖွဲ့ အစည်းအဖွဲ့ ဝင်နှင့် နိုင်ငံရေးအမြင်အရ အသက်အန္တရာယ်ရှိမည့် သို့ မဟုတ် ခြိမ်းခြောက်ခံရမည့်နိုင်ငံများသို့ နှင်မထုတ်ရ၊ ပြန်မပို့ ရပါ။၁ ၎င်းမှာ လူမျိုးရေး၊ ဘာသာရေး၊ နိုင်ငံရေးနှင့် ပတ်သက်ပြီး ခြိမ်းခြောက်ခြင်းမရှိစေရ၊ ထို့ ပြင် လူကုန်ကူး မှုဆန့် ကျင်ရေးစီမံချက်က လူသားချင်းခွဲခြားမှုမရှိရေးမူကို လက်ကိုင်ထားပြီး ဒုက္ခသည်များကိုကိုင်တွယ်ဆက်ဆံရပါမည်။(အပိုဒ်၁၄(၂))ဆို လိုတာကလူတစ်ယောက်ကို၎င်း၏စရိုက်လက္ခဏာ၊ ရွှေ့ပြောင်းနေထိုင်မှုများနှင့်အခြားအဆင့်အတန်းကိုကြည့်ပြီး ခွဲခြားမဆက်ဆံရ။

> ## လူကုန်ကူးခံရသူများကို ကာကွယ်ရာတွင် အမှားအယွင်းကင်းစေခြင်း
>
> အဖွဲ့ဝင်နိုင်ငံတိုအနေနဲဒုက္ခသည်တစ်ယောက်ကို၎င်းအတွက်အန္တရာယ်ရှိသော(သို)လွတ်လပ်ခွင့်မရှိသော(သို)ညှင်းပန်းနှိပ်စက်ခံရနိုင်သောနေရပ်ဒေသသိုပြန်မပိုရပါ။ဒီတာဝန်ဟာလူတိုင်းအတွက်အကျုံးဝင်ပြီးလူကုန်ကူးခံရသူများကာကွယ်ရေးအတွက်ပြဋ္ဌာန်းချက်ဖြစ်ပါသည်။၂ကလေးငယ်များနှင့်ပတ်သက်၍ကလေးငယ်များအခွင့်အရေးကော်မတီကပြန်ပိုခြင်းဟာကလေးငယ်များ၏အခြေခံအခွင့်အရေးကိုချိုးဖောက်ပြီးအန္တ ရာယ်ရှိမဲ့အနေ အထားဆိုလျှင် မူရင်းနိုင်ငံ သို့ ပြန်ပို့ တဲ့နည်းလမ်းအဖြစ်မသုံးနိုင်ပါ။ အဲလိုပြန်ပို့ခြင်းဟာကလေးငယ်များအတွက်အကောင်းဆုံးဖြစ်မှသာလျှင်၎င်းသူတို့ ၏မူရင်းနိုင်ငံသို့ ပြန်ပို့ ဖို့ စီစဉ်သင့်ပါသည်။၃

---

၁ ၁၉၅၁ ဒုက္ခသည်များအနေအထားနှင့်ပတ်သက်သော ဒုက္ခသည်များဆိုင်ရာစီမံချက်(၁၉၅၁ Refugee Convention)၏ စာပိုဒ် ၃၃(၁)၊ ညှင်းပန်းနှိပ်စက်ခြင်းအ တွက်စီမံချက်(Convention against Torture)၏ စာပိုဒ် ၃နှင့် အတင်းအကျပ်ပျောက်ဆုံးမှုမှ ပုဂ္ဂိုလ်များအားလုံး၏ကာကွယ်စောင့်ရှောက်ရေးအတွက်အပြ ည်ပြည်ဆိုင်ရာစီမံချက်(International Convention for the Protection of All Persons from Enforced Disappearance)မှ အပိုင်း ၁၆ကိုကြည့်ပါ။ ထို့ အပြင် ကုလသမဂ္ဂလူ့ အခွင့်အရေးကော်မတီက ဖိနှိပ်ခံရမှုကိုတားဖြစ်ရန်လိုအပ်ချက်တစ်ခုအဖြစ် ဘာသာပြန်ထားသော အပြည်ပြည်ဆိုင်ရာ ပြ ည်တွင်းနှင့်နိုင်ငံရေးအခွင့်အရေးဆိုင်ရာ ပြဋ္ဌာန်းချက်(International Covenant on Civil and Political Rights)မှ စာပိုဒ် ၇ ကိုကြည့်ပါ။ ကုလသမဂ္ဂလူ့ အခွင့်အရေးကော်မတီ(HCR)၊ CCPR အထွေထွေမှတ်ချက် အမှတ် ၂၀ စာပိုဒ် ၇(Prohibition of Torture, or Other Cruel, Inhuman or Degrading Treatment or Punishment)၊ မတ်လ ၁၀ ၁၉၉၂၊ စာပိုဒ် ၉။

၂ ၁၉၅၁ ဒုက္ခသည်များအနေအထားနှင့် ဒုက္ခသည်များဆိုင်ရာစီမံချက်မှ စာပိုဒ် ၃၃(၁)၊ ၎င်းပြင် လူကုန်ကူးမှုဆိုင်ရာလုပ်ငန်းစဉ်(Trafficking in Persons Protocol)မှ စာပိုဒ် 14 နှင့်အပြည်ပြည်ဆိုင်ရာ ပြည်တွင်းနှင့်နိုင်ငံရေးလူ့ အခွင့်အရေးဆိုင်ရာပြဋ္ဌာန်းချက်(International Covenant on Civil and Political Rights)မှ စာပိုဒ် ၆နှင့်၇၊ ဒီဇင်ဘာ ၁၆ ၁၉၆၆ ကိုကြည့်ပါ။ ဖိနှိပ်မှုမရှိခြင်းနိယာမသည်လည်း နိုင်ငံတကာဥပဒေများ၏ ဓလေ့ထုံးစံစည်း
ကမ်းတစ်ခုဖြစ်လာသည်။

၃ ကလေးသူငယ်များအခွင့်အရေးကော်မတီ(committee on the Rights of the Child)၊ အထွေထွေမှတ်ချက် အမှတ် ၆(၂၀၀၅)၊ အဖော်မဲ့နှင့်ကွဲကွာခြင်းခံရ သောကလေးသူငယ်များကို ၎င်းတို့ ၏မူလဇာတိနိုင်ငံပြင်ပတွင် ဆက်ဆံမှု၊ အပိုဒ် ၈၄။ အဖွဲ့ ဝင်နိုင်ငံများအနေနှင့် ၎င်းတို့ နိုင်ငံ၏ကလေးများအပါအဝင် က လေးများ၏ အခြားအကျိုးစီးပွားကိုဆန့် ကျင်ပြီး ၎င်းတို့ ၏စိတ်ဝင်စားမှုကိုညှိနှိုင်းစရာမလိုပဲ အာဏာပိုင်များအနေနှင့် အကောင်းဆုံးအခြေအနေကို ဆုံးဖြတ်စီ စဉ်နိုင်ရမည်။ ပိုမိုသိရှိလိုပါက၊ ကလေးသူငယ်များအကျိုးစီးပွားအတွက် UNCHR ညွှန်းဆိုချက်များ။ UNHCR, May 2008, available at: http://www.refworld.org/docid/48480c342.html

ကလေးငယ်အခွင့်အရေးဆိုင်ရာညီလာခံ(CRC)၏အပိုဒ်၃၉ကအဖွဲ့ဝင်နိုင်ငံများအားလူကုန်ကူးခံကလေးများ ရုပ်ပိုင်း၊ စိတ်ပိုင်း၊ လူမှုရေးပိုင်းနလံထရန်၊ မြင့်တင်ပေးရန် တိုက်တွန်းပါသည်။ (အပိုဒ် ၃၉) ထို့ပြင် ကလေးသူငယ်များဆိုင်ရာအခွင့်အရေးကွန်ဗန်းရှင်းCRC၏အပိုဒ်၃ကအားလုံးကိစ္စရပ်များအတွက်ကလေးသူငယ်များ၏အကောင်းဆုံးအကျိုးစီးပွားကိုထည့်သွင်းစဉ်းစားရန်လမ်းညွှန်ထားသည်။လူကုန်ကူးခံရသူကလေးငယ်များကူညီခြင်းနှင့်ကာကွယ်စောင့်ရှောက်ဖို့လုပ်ထုံးလုပ်နည်းများနှင့်လမ်းညွှန်ချက်များနှင့်အညီအကောင်းဆုံး ဖြစ်အောင်စဉ်းဖြစ်အောင်စဉ်းစားပေးရမည်။ အကယ်၍ အသက် ၁၈ နှစ်အောက်အဖြစ်ယူဆပါကသူသို့မဟုတ်သူမ၏အသက်အရွယ်ကို သင့်လျော်သော အသက်အရွယ်အကဲဖြတ်မှုမှတစ်ဆင့် အတည်ပြုနိုင်သည့်အထိ သူသို့ မဟုတ်သူမ၏အသက်အရွယ်သက်သေပြဖို့ ရန် မလိုအပ်ပဲ သူသို့မဟုတ်သူမ ကို မြင့်မားစံပိုင်ခွင့်ရှိသော အကူအညီများကို ပေးသင့်ပါသည်။

နိုင်ငံတွင်းရှိ လူသားအားလုံးတွင် နိုင်ငံခြားသားများအပါအဝင် လူ့အခွင့်အရေး ရရှိရမည်။ ပြည်တွင်းရေးနှင့်နိုင်ငံရေးအခွင့်အရေးဆိုင်ရာနိုင်ငံတကာစာတမ်း(ICCR)ကလူများအားကျွန်ပြုမှု၊ကျွန်အဖြစ်ခိုင်းစေမှုနှင့်အဓမ္မခိုင်းစေမှုကင်းစေရန်ဖော်ပြပြီးငှင်းခံရသူများအတွက်ထိရောက်သောကုထုံးများကိုလည်းပြဌာန်းထားပါသည်။ ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီ မှတရားခံများကို တရားစွဲရန်နှင့် နစ်နာသူများအား လျော်ကြေးပေးရန် နည်းဥပဒေများ ပြဌာန်းထားပါသည်။ လူကုန်ကူးခံရသောနိုင်ငံခြားသားနှင့်သက်သေများကာကွယ်ရန်နိုင်ငံများလိုက်နာရမည့်စံများသတ်မှတ်ထားပါသည်။၄

ငှင်းစံများနှင့်ပတ်သက်၍လူမျိုးရေးခွဲခြားဆက်ဆံမှုနှင့်ပပျောက်ရေးအပြည်ပြည်ဆိုင်ရာညီလာခံစည်းမျဉ်း၅နှင့်၊ရွှေ့ပြောင်းအလုပ်သမားများနှင့်မိသားစုများအသင်းဝင်များ၏ကာကွယ်စောင့်ရှောက်ရေးအခွင့်အရေးအပေါ်အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းစည်းမျဉ်း၁၆/၂တို့ သည်အလွန်သက်ဆိုင်ပါသည်။ငှင်းတို့တွင်ရုပ်ပိုင်း၊လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုခံရသူအားလုံးအားဥဒဒေအရကာကွယ်မှုပေးရန်ပြဌာန်းထားပါသည်။ကမ္ဘာ့အလုပ်သမားညီလာခံ(ILO)နှင့်ပတ်သက်ပါသည်။၁၉၃၀၊ အဓမ္မခိုင်းစေမှုညီလာခံနှင့် ၂၀၁၄ စီမံချက်တို့တွင် လူကုန်ကူးမှုနှင့် အဓမ္မခိုင်းစေမှုတို့ ကို မြှင့်တင်ထားပါသည်။အဓမ္မခိုင်းစေမှုတွင် နစ်နာကြေးပြဌာန်းပြီး၊ကလေးအလုပ်လုပ်စေမှုညီလာခံမှပြည်တွင်းလုပ်ငန်းများအတွက်အလုပ်ဆိုင်ရာစာချုပ်များဖြင့် လူ့အခွင့်အရေးကို ကာကွယ်ပါသည်။ ထို့ပြင်ပုဂ္ဂလိကအလုပ်အေဂျင်စီတို့ကိုလည်းလုပ်သားများ လွတ်လပ်စွာခရီးသွားလာရေး ပြဌာန်းစေပါသည်။

## ၁.၂။ ကာကွယ်ရေးဆိုင်ရာ စိန်ခေါ်မှုများ

ပြည်နယ်တာဝန်ရှိသူများနှင့်ပုဂ္ဂလိကပုဂ္ဂိုလ်တွေအားဖြင့်ရက်စက်မှုကိုကျူးလွန်ထားမှုအပါအဝင်နိုင်ငံများအနေနှင့်လည်း လူကုန်ကူးခံရသူတို့၏ လူ့အခွင့်အရေးကို ထိန်းသိမ်းနိုင်ရန်ကာကွယ်ပေးဖို့ တာဝန်ရှိပါသည်။ တရားစီရင်ရေးတွင် သက်သေများအဖြစ်ပါဝင်သူများအဖြစ် လူကုန်ကူးခံရသူများ ကိုကာကွယ်ပေးရေးသည်လူကုန်ကူးခံရသူများဥပဒေအပိုဒ်၃မှာပြဌာန်းထားသည့်အတိုင်း လူကုန်ကူး ခြင်းကိုထိရောက်သော တုန့်ပြန်မှုတစ်ခုဖြစ်သည်။၆

---

၄ ဥပမာ-ရာဇဝတ်မှု၏သားကောင်နှင့်ပါဝါ၏အလွဲသုံးမှုတရားရေးအခြေခံမှုများအတွက် ကုလသမဂ္ဂ၏ကြေငြာချက်ထဲမှ လူကုန်ကူးခံရသူနှင့်သက်သေကိုကာကွယ်ပေးရေးပြဌာန်းချက်များ၊ A/RES/40/34၊ (နိုဝင်ဘာ ၂၉ ၁၉၈၅)၊ ဆောင်းပါး ၆(ဃ)၊ ကလေးငယ်များနှင့်သက်သေများပါဝင်သော အမှုများတရားစီရင်မှုလမ်းညွှန်(နံပါတ် ၃၂-၃၄)၊ UNTOC ၏ဆောင်းပါး ၂၄ မှ ၂၆၊ (Trafficking in Persons Protocol)၏ ဆောင်းပါး ၆ မှ ၈၊ ကုန်းလမ်း၊ ရေလမ်းနှင့်လေကြောင်းလမ်းဖြင့် ရွှေ့ပြောင်းနေထိုင်သူများကို ခိုးသွင်းမှုအတွက် ပြဌာန်းချက်ကို နိုင်ငံစပ်ကြားကျူးလွန်သောပြစ်မှုများအတွက်ကုလသမဂ္ဂလုပ်ထုံးမှ(Smuggling of Migrants Protocol)မှ ဆောင်းပါး ၁၆(၂) နှင့် ကုလသမဂ္ဂအထွေထွေညီလာခံ(United Nations Convention Against Corruption)၊ အောက်တိုဘာ ၃၁ ၂၀၀၃၊ A/58/422 ကိုကြည့်ပါ။

၅ ဤစာစောင်တစ်လျှောက် သုံးနှုန်းထားသော 'human trafficking' ဝေါဟာရသည် အထူးသဖြင့် အမျိုးသမီးများနှင့်ကလေးငယ်များအတွက်ပြဌာန်းထားသော (Trafficking in Persons Protocol)၏ အဓိပ္ပါယ်ဖွင့်ဆိုချက်အရ လူကိုယ်တိုင်ကူးခံရခြင်း 'Trafficking in persons' ကိုညွှန်းဆိုခြင်းဖြစ်ပါသည်။ ထို့ပြင်လူ ကုန်ကူးခံရသူများရှာဖွေဖော်ထုတ်ရေးပေါ်လစီလမ်းညွှန် ဘာလီလုပ်ငန်းစဉ်(Bali Process)၊ ၂၀၁၄ ကိုကြည့်ပါ။

၆ ပိုမိုသိရှိလိုပါက လူကုန်ကူးသူများကိုပြစ်ဒဏ်ပေးခြင်းပေါ်လစီလမ်းညွှန်(Policy Guide on Criminalizing Trafficking in Persons)၊ ဘာလီလုပ်ငန်းစဉ် (Bali Process) ၂၀၁၄ ကိုကြည့်ပါ။

၇ ပိုမိုသိရှိလိုပါက လူကုန်ကူးခံရသူများကိုရှာဖွေဖော်ထုတ်ရေးပေါ်လစီလမ်းညွှန်၊ Bali Process ၂၀၁၅ ကိုကြည့်ပါ။

၈ ပိုမိုသိရှိလိုပါက လူကုန်ကူးခံရသူများကိုရှာဖွေဖော်ထုတ်ရေးပေါ်လစီလမ်းညွှန်၊ Bali Process ၂၀၁၅၊ အပိုင်း ၂.၂ ကိုကြည့်ပါ။

လူကုန်ကူးခံရသူများဖော်ထုတ်ရေးဆိုင်ရာစိန်ခေါ်မှုများအပြင် ဂုအဖွဲ့ဝင်နိုင်ငံများရင်ဆိုင်နေရသည့်စိန်ခေါ်မှုများ စွာရှိပါသည်။ အဘယ်ကြောင့်ဆိုသော် ခံရသူများက နိုင်ငံ၏ ကာကွယ်ရေးကို လက်ခံရန် တွန့်ဆုတ်နေကြပါသည်။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့ သည် အစိုးရမှ မှတ်တမ်းယူမှုကို မလိုလားကြပါ။ဧထိုအပြင်နိုင်ငံတော်အဖွဲ့အစည်း များကိုလည်း ယုံကြည်မှုနည်းသောကြောင့်ဖြစ်ပါသည်။ အချို့လူကုန်ကူးခံရသူများသည် အာဏာပိုင်များနှင့်ဆက်သွ ယ်ခြင်းထက် လူကုန်ကူးသူများ၏ လက်အောက်တွင်နေထိုင်လိုကြပါသည်။ အဘယ်ကြောင့်ဆိုသော် ခံရသူများသည် အသက်အရွယ်၊ လိင်၊ စီးပွားရေးအနေအထား၊ ပညာရေးနောက်ခံ၊ အတွေ့ အကြုံနှင့် ရည်ရွယ်ချက်များခြားနားပါသည်။ တစ်ပုံစံတည်းဖြေရှင်းမှုသည်မထိရောက်ပါ။[၉]နိုင်ငံတွင်းနေထိုင်ရန်အခွင့်အရေးမရှိသောနိုင်ငံခြားသားများတွင်ကာကွ ယ်ရေးဝန်ဆောင်မှုဆိုင်ရာအတားအဆီးများကြုံတွေ့နေရပါသည်။၎င်းတို့မှာလျော်ကြေးမရရှိခြင်းနှင့်တောင်းဆိုမှုမထိ ရောက်ခြင်းတို့ ဖြစ်ပါသည်။[၁၀]၎င်းသူတို့ ၏နေထိုင်ခွင့်အနေအထားဘယ်လိုပင်ဖြစ်ပါစေ၊ထိုကဲ့သို့ သောဝန်ဆာင်မှုများကို ရသင့် ပါသည်။

## ၁.၃။ ကာကွယ်ရေးဆိုင်ရာ စဉ်းစားမှု၊ အရေးကြီးသောတာဝန်နှင့်အကျိုးစီးပွားများ

ကာကွယ်ရေးသည် လူကုန်ကူးမှုကို အရေးကြီးသော တုန့် ပြန်မှုဖြစ်သည်။[၁၁] အကယ်၍ ခံရသူများကို လုံလောက်စွာ မကာကွယ်ပါက ၎င်းတို့ကိုအသုံးချခံမှုကနေ မည်သည့်အခါမှမလွတ်မြောက်နိုင်ပဲ လူကုန်ကူးမှုသံသရာတွင် နစ်နေလိမ့်မည်။ နိုင်ငံများအနေနှင့် တရားစီရင်ရေးတွင် ကူညီဖို သဘောတူသည်ဖြစ်စေ၊ မတူသည် ဖြစ်စေ ကာကွယ်ပေးရန် တာဝန်ရှိသည်။ လူကုန်ကူးခံရသူတွေက စုံစမ်းစစ်ဆေးရေး(သို့)တရားစွဲဆိုရေးအတွက်ပါဝင်ရန်ဆန္ဒ ရှိလျှင်၊၎င်းတို ့၏သက်သေထွက်ဆိုချက်ဟာ လူကုန်ကူးသူ များကိုစ စ်ဆေးရာတွင်နှင့်တရားစွဲရာတွင် အထူးအရေး ပါနိုင်ပါသည်။ ထို့အပြင် ၎င်းကဲ့သို့သောရာဇဝတ်မှုတားဆီးရန်လှုံ့ဆော်ပေးပါသည်။ထို့ကြောင့်ကျူးလွန်သူများကိုဥပဒေ ဒကြောင်းအရ အလွယ်တကူ ကိုင်တွယ် နိုင်ရန် လုပ်ဆောင်ပါမည်။[၁၂]

၎င်းကိစ္စ ထိရောက်ရန် အဖွဲ့ ဝင်နိုင်ငံတို့ က လူကုန်ကူးခံရသူများကို ဗဟိုပြု၍ ၎င်းတို့ လိုအပ်ချက်နှင့် အကျိုးစီးပွားတို့ ကို စဉ်းစားရမည်။ အောက်ပါတို့ သည် အရေးကြီးသော ကာကွယ်ရေးဆိုင်ရာ စဉ်းစားချက်များ ဖြစ်ပါသည်။

- အချို ့လူကုန်ကူးခံရသူများသည် အိမ်ပြန်ချင်ပြီး၊ ၎င်းသူတို ့ကိုမိသား စုနှင့်ပြန်ပေါင်း နိုင်ရန်စီ စဉ်ပေးရမည်။ အချို့ကို ချက်ချင်းပြန်မပို့ပဲ နစ်သိမ့်ဆွေးနွေးရန်၊ကျန်းမာရေးနှင့် စိတ်ပိုင်းဆိုင်ရာ စောင့်ရှောက်မှုများခံယူရန်နှင့် လူကုန်ကူးသူများကို တရားစီရင်ရာတွင် ပါဝင်နိုင်ခြေရှိနိုင်ပါသည်။
- အချို့ ခံရသူများသည် နေရပ်ဒေသတွင် ခြိမ်းခြောက်မှုများကို ကြောက်သောကြာင့် မပြန်ချင်ပါ။ ၎င်းကဲ့သို့သောကိ စ္စတွင်အကောင်းဆုံးအဖြေကတော့၊၎င်းသူတို့ကိုနိုင်ငံများအတွင်းတွင်ရေရှည်တည်တံ့ တဲ့ ကာကွယ်မှုဖြေရှင်းနည်း များပေးရပါမည်။
- တိုင်းပြည်များ၏ကာကွယ်ရေးဝန်ဆောင်မှုများအနေနှင့် ယောကျာ်းများ(သို့ )လူကုန်ကူးခံရသူအုပ်စုမှ အချို့ သော ဒီအုပ်စုကပုဂ္ဂိုလ်တွေကိုလည်း လျစ်လျူမရှုရ။
- ကာကွယ်မှုလုပ်ဆောင်ရန် အစိုးရမဟုတ်သော ပုဂ္ဂိုလ်များနှင့် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါသည်။ ထို့မှသာလျှ င်ရည်ရွယ်ချက်ပြည့်မည်။
- ကာကွယ်ရေးကိုကျွမ်းကျင်သောသူများနှင့်လိုအပ်ချက်များစီစဉ်ရမည်။၎င်းတို ့တစ်ဖန်လူကုန်ကူးသူများ၏အန္တရာ ယ်မှကင်းကွာရန်ကာကွယ်မှု၊အဟန် ့အတားမှလွတ်မြောက်ရန်ဖန်တီးပေးရပါမည်။အချို့လူကုန်ကူးခံရသူများက တစ်ခြားဘဝတူတွေထွက် ပြန်လည်န လံထူဖို့ (သို့ )အကူ အညီများ လက်ခံရရှိဖို့ ပိုပြီးအချိန်လိုအပ်ပါလိမ့်မည်။
- ခံရသူများတွင် အကူအညီနှင့် ကာကွယ်ရေး ရရှိမှုဆိုင်ရာ ကိုယ်ပိုင်ဆုံးဖြတ်ချက်ရှိရမည်။ အသက်၊ လိင်၊ လူမျိုး၊ မသန်စွမ်းမှုကြောင့် ဖြစ်ပေါ်လာသော လိုအပ်ချက်များကိုပေးရန် ထည့်သွင်းစဉ်းစားရပါမည်။

လူကုန်ကူးခံရသူများ၏ ကာကွယ်ရေးလိုအပ်ချက်များသည် တရားစီရင်ရေးလုပ်ငန်းစဉ်များတွင် ပါဝင်မှုပေါ်မူ တည်၍အပြောင်းအလဲရှိပါသည်။ထို့ကြောင့်အဖွဲ့ဝင်နိုင်ငံတို့သည်လိုအပ်သောအန္တရာယ်ရှိမှု အကဲဖြတ်ခြင်းကို အမြဲတမ်းလုပ်ဆောင်ရမည်။

လူကုန်ကူးမှုသည် နယ်စပ်ဖြတ်ကျော်ပြစ်မှုဖြစ်သောကြောင့် ကာကွယ်ရေးအစီအမံများကို(က) နိုင်ငံသားနှင့်နိုင်ငံခြား

[၉] တစ်ချို့ နိုင်ငံများတွင် လူကုန်ကူးခံရသူများ၏ဝိသေသလက္ခဏာများပေါ်မူတည်၍ မလောက်ငှသောဝန်ဆောင်မှုများရရှိနိုင်သည်။ ဥပမာ-အမျိုးသမီး  လူကုန်ကူးခံရသူများအတွက်သာလျှင် ဘေးက င်းလုံခြုံသောနေရာထိုင်ခင်းရရှိနိုင်သည်။

[၁၀] ပိုမိုသိရှိလိုပါက လူကုန်ကူးခံရသူများကိုရှာဖွေဖော်ထုတ်ရေးပေါ်လစီလမ်းညွှန်၊ Bali Process ၂၀၁၅၊ အပိုင်း ၂.၂ ကိုကြည့်ပါ။

[၁၁] လူကုန်ကူးခံရသူများကိုရှာဖွေဖော်ထုတ်ရေးပေါ်လစီလမ်းညွှန်၊ Bali Process ၂၀၁၅၊ အပိုင်း ၂.၁ 'ဖော်ထုတ်ရန် အဘယ်ကြောင့်အရေးပါသနည်း'ကို

သားနှစ်မျိုးလုံးကိုပေးရမည်။(ခ)ဒေသတွင်းနှင့်နိုင်ငံစုံသည့်အဆင့်နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုများကိုလည်းစနစ်တကျဖွဲ့စည်းကျူးလွန်တဲ့ရာဇဝတ်မှုဆိုင်ရာကွန်ဇန်းရှင်းနှင့်လူကုန်ကူးမှုကာကွယ်ရေးမူနှင့်အညီလုပ်ဆောင်ရမည်။ဤသို့လုပ်ဆောင်ခြင်းအားဖြင့်နယ်စပ်နှင့်တရားစီရင်ရေးဆိုင်ရာကိစ္စရပ်များကနိုင်ငံတော်၏လူကုန်ကူးခံရသူများကိုကာကွယ်ပေးရန်ရှိသောတာဝန်ဝတ္တရားကို မထိခိုက်အောင် စွမ်းဆောင်ပါသည်။[၁]

လူကုန်ကူးခံရမှု ဗဟိုပြုချဉ်းကပ်ခြင်းကိုလူကုန်ကူးခံရသူပြစ်မှုဆိုင်ရာတရားစီရင်ရေးတွင် ပါဝင်သည်၊မပါဝင်သည်ဖြစ်စေ စလုံခြုံရေး၊ ယုံကြည်စိတ်ချရေး၊ ခွဲခြားဆက်ဆံမှုမရှိရေးပေါ်တွင်မူတည်ရပါမည်။

လုံခြုံဘေးကင်းရေး။ လူကုန်ကူးသူများသည် လူကုန်ကူးခံရသူများနှင့် ၎င်းတို့ မိသားစုများပေါ်တွင် အန္တရာယ်ရှိသည်။

- ထို့ ကြောင့် ခံရသူများနှင့် ၎င်းတို့ မိသားစုကိုယ်ရေးကိုယ်တာ ဘေးကင်းရေးကို ပေးရမည်။

လျှို့ ဝှက်ယုံကြည်ထားရှိမှု။ ဖော်ထုတ်မှုအရပ်ရပ်သည် ခံရသူများနှင့် ၎င်းတို့ မိသားစုအပေါ် အန္တရာယ်ရှိသည်။ ၎င်းတို့ သည် အထူးသဖြင့် လိင်ပိုင်းအမြတ်ထုတ်မှုတို့ တွင် အများပြည်သူနှင့် မိသားစုများ သိရန်ကြောက်ပါသည်။ ၎င်းတို့ ကို အောက်ပါအတိုင်း ကိုင်တွယ်ရမည်။

- သတင်းအချက်အလက်များကို လူကုန်ကူးခံရသူခွင့်ပြုမှသာလျှင် ဖလှယ်ရမည်ဖြစ်ပြီး၊ လျှို့ ဝှက်ထား ရှိမှုကို ထိန်းသိမ်းနိုင်ရန် လူနည်းစုလောက်နှင့်ထိန်းချုပ်ထားရမည်။[၁၃]
- လူကုန်ကူးခံရသူက အထူးအေဂျင်စီနှင့်သတင်းမီဒီယာတို့ နှင့် သတင်းအချက်အလက်ဖ လှယ်ရန်သဘောတူသောအခါ ၎င်းတို့ ကိုလည်း လျှို့ ဝှက်ယုံကြည်ထားမှုအပိုင်းကိုအကြောင်းကြားရပါမည်။

ခွဲခြားဆက်ဆံမှုမရှိရေး။ လူကုန်ကူးမှု ကာကွယ်ရေးကို လူသားခြင်း ခွဲခြားဆက်ဆံမှုမရှိပဲ ပေးရမည်။

- ခံရသူများကို အကျင့်စာရိတ္တ မည်သို့ ပင်ဖြစ်စေ ကာကွယ်ရမည်။
- နိုင်ငံများအနေနှင့် လူသားခြင်းခွဲခြားဆက်ဆံမှုမှရှောင်ကြဉ်ရရုံသာမက လူကုန်ကူးခံရသူ များ ကာ ကွယ်ရေးတွင်ပါဝင်သောပုဂ္ဂလိကနှင့်နိုင်ငံ့ဝန်ထမ်းများကကျူးလွန်သောခွဲခြားဆက်ဆံမှုများကိုလည်းတိုက်ဖျက်ရန်လုပ်ဆောင်ရမည်။

## အကြံပြုချက်။ လူကုန်ကူးခံရသူကို ဗဟိုပြုသောကာကွယ်ရေးချဉ်းကပ်မှုကိုလုပ်လုပ်ဆောင်ပါ။

လူကုန်ကူးခံရသူများနှင့် ၎င်းတို့ ၏မိသားစုများဘေးကင်းရေးနှင့် ၎င်းတို့ နှင့်သက်ဆိုင်သော ကိုယ်ရေးကိုယ်တာ သတင်းအချက်အလက်များ လျှို့ ဝှက်ထားရေးတို့ ကို စဉ်းစားပြီး၊ ၎င်းတို့ ကို ဗဟိုပြုသောကာကွယ်ရေးချဉ်းကပ်မှုကို လုပ်ဆောင်ပါ။ လူကုန်ကူးခံရသူများအားလုံးကို ခွဲခြားဆက်ဆံမှုမရှိသော လူကုန်ကူးမှုကာကွယ်ရေးအစီအစဉ်ကိုပေးသင့်ပြီး၊ အထူးကျွမ်းကျင်သော၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့်ထိထိရောက်ရောက် ညှိနှိုင်းဆောင်ရွက်ခြင်းအပါအဝင် လူကုန်ကူးခံရသူများ၏ လိုအပ်ချက်များနှင့်အညီ လိုက်လျောညီထွေဆောင်ရွက်ရမည်။

[၁၂] အထူးသဖြင့် ကောင်းစစ်ဝန်ဆောင်မှုများနှင့်နယ်စပ်ရေးရာအစောင့်များအတွက် 'Guidelines for the identification of victims of trafficking in Humanbeings'၊ ဥရောပသမဂ္ဂ ၂၀၁၃။
[၁၃] ပိုမိုသိရှိလိုပါက အပိုင်း ၁.၂ ကိုကြည့်ပါ။

# အပိုင်း ၂။

## ကာကွယ်ရေးလုပ်ဆောင်ချက်

လူကုန်ကူးခံရသူများသည် အဓိကသုံးမျိုးတွင် ကာကွယ်ရေးလိုအပ်သည်။

၁။ ကနဦး ကာကွယ်ရေး
၂။ ပြစ်မှုဆိုင်ရာ ဥပဒေလုပ်ထုံးကာလ
၃။ ပန်လည်ပေါင်းစည်းရေးလွယ်ကူချောမွေ့ စေမှုအပါအဝင် ရေရှည်တည်တံ့ခိုင်မြဲသည့်အခြေခံ[၁၄]

ခံရသူများ၏ကာကွယ်ရေးလိုအပ်ချက်သည်အဆင့်သုံးဆင့်ပြောင်းလဲပါသည်။အဖွဲ့ဝင်နိုင်ငံများအတွက် အဆင့်တိုင်း အခွင့်အရာယ်အကဲဖြတ်မှုတာဝန်ယူရန်ပြောင်းလဲသောလိုအပ်ချက်များနှင့်အညီညှိပေးရပါ မည်။

### ၂.၁။ ကနဦး ကာကွယ်ရေး

လူကုန်ကူးခံရသူလို့ ယူဆသူတစ်ယောက်ကို ကာကွယ်ပေးရေးသဘာဝသည်ဝန်ဆောင်မှုပေးသူများထပ်မံအောင်မြင်ရင် အရေးကြီးပါသည်။ အထူးသဖြင့် ဤကာကွယ်ရေးသည် လူကုန်ကူးခံရသူများနှင့် ဝန်ဆောင်မှုပေးသူများကြား ယုံကြည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှု တည်ဆောက်ရန်အရေးကြီးပါသည်။ခံရသူများလိုအပ်ချက်အတွက်ကာကွယ်ရေး သတ်မှတ်ချက်သည်၎င်းသူတို့ ၏သက်ဆိုင်ရာအာဏာပိုင်များနှင့်ပူးပေါင်းဆောင်ရွက်လိုခြင်းရှိမရှိပေါ်တွင်မမူတည်ရပါ။

ဤအချက် ရည်ရွက်ချက်မှာ ခံရသူများ၏ အရေးပေါ်လိုအပ်ချက်နှင့် ပူပန်မှုတို့ ကို ထုတ်ဖော်ကိုင်တွယ်ရန်ဖြစ်ပါသည်။ အောက်ပါတို့ ပါဝင်ပါသည်။

- လူကုန်ကူးခံရသူ၊ မိသားစုနှင့်ရင်းနှီးသောမိတ်ဆွေများ၏လွတ်လပ်မှု၊ လုံခြုံမှု
- စားဝတ်နေရေး ရရှိခြင်း
- လူကုန်ကူးမှုတွင်ပါဝင်မှုရှိဟုသံသယမရှိသူများဖြစ်ပြီး၊၎င်းသူနှင့်သူ/သူမ၏မိသားစုများနှင့်ဆက်သွယ်ရေး အဆင်ပြေရန်လုပ်ဆောင်ပေးခြင်း။
- အရေးပေါ်ကျန်းမာရေး ဝန်ဆောင်မှု
- တရားဝင်သွားလာရေး အကြံပေးချက်

ဤအချက်တွင်ခံရသူများကို ၎င်းတို့ ၏ရပိုင်ခွင့် အတိုင်းအတာ၊ အကူအညီ၊ ကာကွယ်ရေးအစီအစဉ်နှင့် တာဝန်တို့ကို အသိပေးရမည်။ဤသတင်းအချက်အလက်ကိုလူကုန်ကူးခံရသူများအဆင်ပြေနေထိုင်သောအခါ ပေးရမည်။အကယ်၍ ခြားနားသော ဒေသတို့ တွင်ရှိနေပါက ဘာသာစကားအခက်အခဲမရှိရန် စကားပြန်များ လိုအပ်ပါသည်။ အထောက်အပံ့ရရှိနိုင်မှုကိုအကြောင်းကြားခြင်းအားဖြင့် လူကုန်ကူးခံရသူများ ကိုစိတ်လှုပ်ရှား မှုသက်သာစေပီး နောက်ထပ်လုပ်ဆောင်ရမည့်အဆင့်များအတွက် ဆုံးဖြတ်ရန်လွယ်ကူစေသည်။ဒီကနဦးဂရုစိုက်မှုဟာရေရှည်တည်တံ့တဲ့အထောက်အပံ့အတွက်အတည်တကျလုပ်ဆောင်ဖို့ အရေးကြီးပြီး၊လူကုန်ကူးခံရသူများအနေနှင့်လိုချင်တဲ့ကာကွယ်ရေးဝန်ဆောင်မှုများပုံစံကိုရွေးချယ် နိုင်ဖို့ အထောက်အကူပြုလိမ့်မည်။

**အကြံပြုချက်။** လူကုန်ကူးခံရသူများ ပူးပေါင်းသည်ဖြစ်စေ၊ မပူးပေါင်းသည်ဖြစ်စေကာကွယ် ပေးပါ။

လူကုန်ကူးခံရသူတို့ ၏ ရွှေ့ပြောင်းဝင်ရောက်လာမှု(သို့ ) အနေအထားကိုထည့်သွင်းမစဉ်းစားပဲ၊ ဥပဒေရေးရာတရားစီရင်ရေးတွင် ပူးပေါင်းပါဝင်သည်ဖြစ်စေ၊ မပါဝင်သည်ဖြစ်စေ နိုင်ငံများအနေနှင့် သူတို့ ရဲ့ တာဝန်အနေနှင့်ကာကွယ်မှုကိုပေးရမည်။

[၁၄] ပြစ်မှုဆိုင်ရာတရားမျှတမှုရည်ရွယ်ချက်များအတွက်ဆောင်ရွက်သူများအပါအဝင် လူကုန်ကူးခံရသူများကို အစဦးတွေ့ ဆုံချိန်နှင့်မေးမြန်းစစ်ဆေးစဉ်တစ်လျှောက် ဖော်ထုတ်နိုင်ရန်အချက်အလက်များအတွက်၊ လူကုန်ကူးခံရသူဖော်ထုတ်ရေးပေါ်လစီလမ်းညွှန်၊ Bali Process ၂၀၁၅ ကိုကြည့်ပါ

လူကုန်ကူးခံကလေးငယ်များကိုကလေးကာကွယ်ရေးအာဏာပိုင်များသို့အသက်အရွယ်သတ်မှတ်ရန်၊အုပ်ထိန်းသူခန့်ထားရန်နှင့်အကျိုးစီးပွားဆောင်ရွက်ရန်သင့်လျော်သောကြားကာလစောင့်ရှောက်မှုလုပ် ခြင်းစတဲ့အကောင်းဆုံးသောအကျိုးရှိမှုကိုဆောင်ရွက်နိုင်ရန်အကယ်၍အုပ်ထိန်းသူပါလာပါက၊၎င်းအုပ်ထိန်းသူ/သူမကကလေး၏အကောင်းဆုံးသောအကျိုးစီးပွားများအတွက်သင့်တော်၊မတော်ဆုံးဖြတ်ရမည်။ဥပမာ၊အကယ်၍အုပ်ထိန်းသူဟာလူကုန်ကူးမှု(သို့)ခေါင်းပုံဖြတ်မှုတွင်ပါဝင်သည်ဟုသံသယဖြစ်ပါ လျှင်။၁၅အုပ်ထိန်းသူ၏တာဝန်သည်ကလေး၏သင့်လျော်သောစောင့်ရှောက်မှု၊နေထိုင်မှု၊ကျန်းမာရေး၊စိတ်ပိုင်းဆိုင်ရာလူမှုအထောက်အပံ့၊ပညာ ရေးနှင့်ဘာသာစကား၊နှင့် ကလေးအခွင့်အရေးများကိုရှင်း ပြခြင်းနှင့်ကလေးအတွက် အကောင်းဆုံးဖြစ်စေမည့်တာရှည်ခံမည့်ကာကွယ်ရေးအစီအစဉ်များအတွက်အကူအညီပေး ခြင်း တို့ ဖြစ်ပါသည်။၁၆

> **သတိပေးချက်။**
>
> အန္တရာယ်တစ်ခုကတော့လူကုန်ကူးသူတွေအနေနှင့် အထောက်အပံ့ပေးသောအစီအစဉ်များတွင် စိမ့်ဝင်ဖို့ကြိုးစားနိုင်ခြင်း (သို့ )လူကုန်ကူးခံရသူတစ်ဦးဦး၏တည်နေရာကိုရရှိဖို့ ကြိုးစားနိုင်ခြင်းတို့ ဖြစ်ပါသည်။ ဝန်ဆောင်မှုပေးသောသူများ၊ အဖွဲ့အစည်းများအနေနှင့် ၎င်းအခြေအနေကိုအမြဲသတိရှိပြီး မည်သူမည်ဝါမှန်းမသိသူများနှင့်အထောက်အထားမရှိသူများကို မည်သည့်သတင်းအချက်အလက်မှ မပေးရပါ။

လူကုန်ကူးခံရနိုင်ခြေရှိတဲ့သူများနှင့်ပထမဆုံးထိတွေ့သူများသည်၎င်းတို့၏လုံခြုံရေးနှင့်အဲဒီလူကုန်ကူးခံရနိုင်ခြေရှိတဲ့သူများ၏လုံခြုံရေးကိုကာကွယ်ဖို့လုပ်ဆောင်ရမည်။အန္တရာယ်အကဲခတ်မှုသင့်လျော်သောအစီအစဉ်ကိုရေးဆွဲကာ ရဲများနှင့်ပူးပေါင်းဆောင်ရွက်ပြီးပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှု ကုမ္ပဏီများသို့ အကယ်၍လူကုန်ကူးခံရသူများကို ဒုက္ခသည်စခန်းတွင်မထားရှိပါက၊ဒေသခံရဲများ၏ယုံကြည်ရမှုနှင့် အရည်အချင်းအပြင် ၎င်းတို့ နှင့်ဆက်သွယ်ရေးအပါအဝင် လူကုန်ကူးခံရသူများ၊မိသားစုနှင့်မိတ်ဆွေ များ၊ဝန်ဆောင်မှုပေးသူများကြုံတွေ့ရမည့်လုံခြုံရေးစိန်ခေါ်မှုများကိုစဉ်းစားပေးရမည်။သို့အတွက်ကြောင့်ဝန်ဆောင်မှုပေးနေသောဝန်ထမ်းများကိုလုံခြုံရေးအသေးစိတ်များနှင့်အချိန်နှင့်တစ်ပြေးတည်းအန္တရာယ်ရှိမှုစတဲ့အချက်အလက်များကိုပေးဖို့အင်မတန်အရေးကြီးပါသည်။လူကုန်ကူးခံရသူများနှင့်၎င်းတို့ ၏အနေအထားကိုဝန်ထမ်းများအတွက် လိုအပ်သောအချက်အလက်လောက်ပဲပေးသင့်ပါ သည်။

လူကုန်ကူးခံရသူများကို ဘေးကင်းသော နေထိုင်ရေး ဖန် တီးပြီး လွတ်လပ်စွာ သွားလာခွင့်ပေးရမည်။ ၎င်းတို့ လွတ်လပ်စွာသွားလာမလုပ်နိုင်မဲ့ လူဝင်မှုကြီးကြပ်ရေးထိန်းသိမ်းရေးစခန်း၊ ထောင်(သို့)အခြား ထိန်းသိမ်းရေးစခန်းတို့တွင်မထိန်းသိမ်းရပါ။၁၇၎င်းတို့ကျန်းမာရေးဝန်ဆောင်မှုနှင့်တရားရေးအကူအညီများကိုရရှိရပါမည်။လူကုန်ကူးခံရသူတို့ကို၎င်းတို့၏ခါးသီးသောအတိတ်ခံစားချက်တို့မှပြယ်ပျောက်ရန်နှင့် ၎င်းတို့ဖြစ်ရပ်ကိုစုံစမ်းဖော်ထုတ်တရားစွဲရန်ဝင်ရောက်ပါဝင်နိုင်၊မနိုင်ကိုဆုံးဖြတ်နိုင်အောင်အချိန်ကာလတစ်ခုပေးရမည်။

> **အကြံပြုချက်။ လူကုန်ကူးခံရသူများကိုအနားယူချိန်ပေးပါ။**
>
> သူတို့ ၏ကြုံတွေ့ ခဲ့ရသော အတွေ့ အကြုံတို့ မှ ကုစားနိုင်ရန် ကုစားချိန်ပေးပါ။ ဤကိစ္စတွင် လူကုန်ကူးခံရသူအနေနှင့် လူကုန်ကူးသူများကို ပြစ်မှုဆိုင်ရာတရားစွဲရေးအစီအစဉ်တွင် ပါဝင်သည်ဖြစ်စေ၊ မပါဝင်သည်ဖြစ်စေ နိုင်ငံစပ်ခြား ကုန်ကူးခံရသူများကို ယာယီနေထိုင်ခွင့်ဗီဇာ အစရှိသော အကူအညီနှင့် ကုစားချိန်ပေးပါ။

---

၁၅ ကလေးသူငယ်များကို ၎င်းတို့ ၏အကောင်းဆုံးသောအကျိုးစီးပွားများအတွက် တိုင်ပင်ရမည်။ ကလေးသူငယ်များ၏အခွင့်အရေးများပြဋ္ဌာန်းချက်(CRC)၏ စာပိုဒ် ၁၂ က ကလေးသူငယ်၏အသက်အရွယ်နှင့်ရင့်ကျက်မှုနှင့်အညီ ၎င်းကလေးငယ်၏အမြင်များကိုအလေးပေးသင့်ကြောင်းဆုံးဖြတ်သည်။ ထိုသို့ တိုင်ပင်ရာတွင် (CRC)၏ စာပိုဒ် ၁၆အရ ကလေးသူငယ်များကို ၎င်းတို့ ၏ကိုယ်ရေးကိုယ်တာ၊ မိသားစု(သို့ )အလားသဏ္ဍာန်နှင့် မတရား(သို့ )ဥပဒေ မဲ့ဝင်ရောက်စွက်ဖက်ခြင်းကိုကာကွယ်ပေးရန်နှင့် စာစောင် ၁၇ အရ နိုင်ငံများအနေနှင့် သတင်းအချက်အလက်များကို ကလေးငယ်များရယူနိုင် အောင် အာမခံချက်ပေးရန်စဉ်းစားပေးရမည်။

၁၆ ကလေးသူငယ်များလူကုန်ကူးခံရခြင်းမှ ကာကွယ်ပေးရေးညွှန်းဆိုချက်များ(Guidelines on the Protection of Child Victims of Trafficking), UNICEF နည်းပညာပိုင်းဆိုင်ရာမှတ်စုများ၊ UNICEF၊ ၂၀၀၆၊ စာမျက်နှာ ၁၆-၁၇ ကိုကြည့်ပါ။

၁၇ လူကုန်ကူးခံရသူများကိုတိုက်ရိုက်အကူအညီများအတွက် IOM လက်ဆွဲစာအုပ်(Direct Assistance to Victims of Trafficking) IOM၊ ၂၀၀၅၊ ၊ အပိုင်း ၄.၂.၆ ကို ကြည့်ပါ။

၁၈ လူ့ အခွင့်အရေးနှင့်လူကုန်ကူးမှုအတွက်အကြံပြုထားသောအခြေခံမူများနှင့်ညွှန်းဆိုချက်များ (E/2002/68/Add.1)၊ ကုလသမဂ္ဂလူ့ အခွင့်အရေးမဟာမင်းကြီးချုပ်၊ ညွှန်းဆိုချက် ၆(၁)။

ပြန်လည်တွေးတောမှုကာလသည် အဖွဲ့ဝင်နိုင်ငံအတွင်း ခြားနားမှုရှိသည်။ အများအားဖြင့် ရက် ၃၀ မှ ၉၀ ကြာတတ်သည်။[၁၉] တိုင်းရင်းသားမဟုတ်သော နိုင်ငံခြားသား လူကုန်ကူးခံရသူတို့ နေထိုင်ရာနိုင်ငံတွင် ပုံမှန်မဟုတ်သော အခြေအနေရှိသောကြောင့် စိန်ခေါ်မှုအချို့ကို ရင်ဆိုင်ရသည်။ ထို့ကြောင့် နိုင်ငံခြားသားများအတွက် ထိုနိုင်ငံတွင် နလံထူစဉ်ကာလအတွင်း ယာယီနေထိုင်ခွင့်ဗီဇာ ဆောင်ရွက်ပေးရမည်။

အကယ်၍ လူကုန်ကူးခံရသူတို့အား ကူညီပံ့ပိုးပြီး သူတို့၏ အနာဂတ်အတွက်ဆုံးဖြတ်ရန် ထောက်ပံ့ပေးပါက ဥပဒေကြောင်းအရ စီမံဆောင်ရွက်ရန်အတွက် ပိုမိုလိုလားပါမည်။ အဖွဲ့ဝင်နိုင်ငံများစွာသည် လူကုန်ကူးခံရသူများကို နိုင်ငံတွင်း နေထိုင်နိုင်ရန် အမြဲတမ်းဗီဇာ ထုတ်ပေးပါသည်။ ဥပမာအားဖြင့် လူကုန်ကူးခံရသူတစ်ယောက်ဟာ လူကုန်ကူးသူများကို စုံစမ်းစစ်ဆေးရာတွင် (သို့) တရားစွဲဆိုရာတွင် အထောက်အကူပြုခဲ့ပြီး ၄င်းတို့နိုင်ငံသို့ ပြန်လည်ပို့ဆောင်ခံရလျှင် အန္တရာယ်ရှိနိုင်သည့်အတွက် အမြဲတမ်းနေထိုင်ခွင့်ပေးခံရပါသည်။

> ### အကြံပြုချက်။ လူကုန်ကူးခံရသူများကိုအကောင်းဆုံးစနစ်နှင့်ကာကွယ်မှုပေးပါ။
>
> လူ့အခွင့်အရေးမဟာမင်းကြီးရုံး(OHCHR) လမ်းညွှန်ချက်(၆)က လူ့အခွင့်အရေးနှင့်လူကုန်ကူးမှုအတွက် လိုက်နာရမည့်အချက်များနှင့် လမ်းညွှန်ချက်များကိုညွှန်းဆိုထားပါသည်။ ဤလမ်းညွှန်ချက်အရ နိုင်ငံများစပ်ကြားအစိုးရနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းများအနေနှင့် အောက်ပါအချက်များကိုစဉ်းစားသင့်သည်။
>
> - လူကုန်ကူးခံရသူများကို မည်သည့်လဝကထိန်းသိမ်းရေးစခန်း(သို့)အခြားထိန်းသိမ်းရေးစခန်းများတွင်မထိန်းသိမ်းရန်။
> - လူကုန်ကူးခံရသူများသဘောတူခွင့်မပြုသည့် မည်သည့်ကာကွယ်မှု(သို့)အထောက်အပံ့လုပ်ငန်းစဉ်များကိုလက်မခံရန်။
> - လူကုန်ကူးခံရသူများအနေနှင့် ၄င်းတို့၏အခွင့်အရေးများဖြစ်သော မိမိနေရင်းနိုင်ငံ၏ကောင်စစ်ဝန်များနှင့်တွေ့ဆုံနိုင်ကြောင်း အကြောင်းကြားပေးရန်
> - လူကုန်ကူးခံရသူများကို ၄င်းတို့၏ ကိုယ်ရေးကိုယ်တာအချက်အလက်များနှင့် မည်သူမည်ဝါဖြစ်သည်စသည်တို့ကို ကာကွယ်ရမည့်အပြင်လူကုန်ကူးသူများထံမှ ခြိမ်းခြောက်မှု၊ အန္တရာယ်ပြုမှု(သို့)ကလဲ့စားချေမှုတို့ရန်မှကာကွယ်ပေးရန်။

## ၂.၂။ ပြစ်မှုဆိုင်ရာဥပဒေတရားမျှတမှုလုပ်ငန်းစဉ်မှတစ်ဆင့်ကာကွယ်ပေးရေး

လူကုန်ကူးခံရသူများကို ပြစ်မှုဆိုင်ရာဥပဒေတရားမျှတမှုလုပ်ငန်းစဉ်မှာ ပါဝင်စေဖို့ အတင်းအကျပ်မလုပ်ဆောင်စေရပါ။သို့ပေမဲ့ ပါဝင်ဖို့ဆန္ဒရှိမရှိကိုရွေးချယ်ဖို့ အခွင့်အလမ်းပေးပါ။ လူကုန်ကူးသူများကို စုံစမ်းစစ်ဆေးရေးနှင့်တရားစွဲရေးအတွက်ဆန္ဒရှိပြီးပါဝင်သူများအတွက် အထူးကာကွယ်ရေးအစီအစဉ်များကိုစဉ်းစားပေးရမည်။

လူကုန်ကူးမှုနှင့်ဆက်နွယ်သောရာဇဝတ်မှုအတွက် တရားစွဲရေးမှာ အတည်ပြုနိုင်တဲ့သက်သေအထောက်အထားမရှိတဲ့အခါ မျက်မြင်သက်သေများ၏ ထွက်ဆိုချက်ဟာ မကြာခဏအရေးပါပါသည်။ ဆိုလိုရင်းမှာ တရားစွဲရေးမှာ မျက်မြင်သက်သေများ၏ ပါဝင်မှုမရှိဘူးဆိုလျှင် အောင်မြင်ဖို့ ခဲယဉ်းပါသည်။ အကယ်၍ မျက်မြင်သက်သေတစ်ယောက်ဟာ ယုံကြည်အားထားရသော အထောက်အထားကိုမပေးနိုင်လျှင်(သို့)ပေးရန်လုံးဝဆန္ဒမရှိဘူးဆိုလျှင်၊ တရားစွဲနိုင်ရေးအခွင့်အလမ်း(သို့)အမှုစစ်ဆေးခြင်းရလဒ်ကို ဆိုးရွားစွာထိခိုက်နိုင်ပြီး၊ နိုင်ငံတော်အနေနှင့် ပြစ်မှုကျူးလွန်သူကို ပြစ်ဒဏ်ခတ်စေဖို့ အတိဒုက္ခရောက်ပါလိမ့်မည်။

လူကုန်ကူးခံရသူများကို ထိထိရောက်ရောက်မှန်ကန်အောင် ကုသနိုင်တဲ့နိုင်ငံတစ်ခုရဲ့ လုပ်ဆောင်ရည်မှာ ၄င်းခံရသူများကို ဥပဒေကြောင်းအရ ကျေနပ်မှုမရရှိစေဘူးဆိုလျှင် ညှိယူ၍ လုပ်ဆောင်ကောင်းလုပ်ဆောင်ရပါလိမ့်[၂၀]မည်။ ပြစ်မှုဆိုင်ရာဥပဒေတရားမျှတမှုလုပ်ဆောင်စဉ်ကာလတွင်လူကုန်ကူးခံရသူများကိုသင့်လျော်သော အထောက်အ ပံ့နှင့်အကာအကွယ်ပေးမှုဟာ၄င်းသူတို့၏ကိုယ်ပိုင်အခွင့်အရေးကိုအကာအကွယ်ပေးရုံသာမကလူကုန်ကူးသူကိုတရားစွဲဆိုရန်၄င်းသူတို့၏အန္တရာယ်ကင်းကင်းထိထိရောက်ရောက်အကျိုးရှိရှိပါဝင်မှုအတွက်လည်းလိုအပ်ပါသည်။

---

၁၉ ဥပမာ၊ ' Cathy Zimmerman et ' ၏ ' Stolen Smiles: The physical and psychological health consequences of women and adolescents trafficked into Europe '၊ ' London School of Hygiene and Tropical Medicine '၊ ၂၀၀၆၊ စာမျက်နှာ ၃ ကိုကြည့်ပါ။

၂၀ အထက်ပါအပိုင်း ၁.၁ တွင်ဖော်ပြထားသော လူကုန်ကူးခံရသူများကိုကာကွယ်ရန်နိုင်ငံတစ်ခု၏တာဝန်များနှင့် အပိုင်း ၂.၁ တွင်ဖော် . ပြထားသော အဲ့သည်လိုလုပ်ခြင်းအားဖြင့် ၄င်းတို့၏အကျိုးကျေးဇူးများကိုကြည့်ပါ။

## အကြံပြုချက်။ ပြစ်မှုတရားစီရင်ရေးတလျှောက် အန္တရာယ်ရှိမရှိကို စစ်ဆေးပါ။

တရားရုံးစစ်ဆေးစဉ်၊ မစစ်ဆေးမီနှင့်စစ်ဆေးပြီး လူကုန်ကူးခံရသူတို့ လိုအပ်သောကာကွယ်မှုဟာ ခြားနား မည်။ သို့ ဖြစ်၍ နိုင်ငံများအနေနှင့် စစ်ဆေးစဉ်အဆင့်ဆင့်တွင် အန္တရာယ်ရှိမရှိကိုစီစစ်စေခြင်းအားဖြင့် ၎င်းတို့ ၏ပြောင်းလဲသောကာကွယ်ရေးလိုအပ်ချက်များနှင့်အညီ လုံလောက်စွာပေးခြင်းဖြင့် ကာကွယ်ရေးလုပ်ဆော င်ချက်များကိုပေးနိုင်လိမ့်မည်။

### စမ်းသပ်မှုအကြို ကာကွယ်ရေး

ထိထိရောက်ရောက်ဖြစ်ရန် လူကုန်ကူးခံရသူများသည် ဥပဒေကြောင်းပါဝင်ခြင်းဖြင့် အမှန်ဖြစ်ရေးကို ရှာဖွေရန်လိုလားနိုင်ပါသည်။ အများအားဖြင့် ၎င်းတို့ အနေနဲ. တိုင်တန်းသူနှင့် သက်သေများအဖြစ်ပါ ဝင်ကြပါသည်။ ဆိုလိုရင်းက စုံစမ်းစစ်ဆေးစဉ်နှင့်တစ်ချို့ ကိစ္စတွေမှာတော့ တရားရုံးတွင်တက်ရောက် ဖို့ လိုအပ်ပါသည်။

စုံစမ်းစစ်ဆေးရေးနှင့်ပြင်ဆင်နေစဉ်ကာလတရားစီရင်ရေးမစခင်ကာကွယ်ရေးအဆင့်များရှိပါသည်။လူကုန်ကူးခံရသူ များကို လက်ရှိအနေအထားမည်သို့ရှိသည်၊ စစ်ဆေးရေးကာလသက်တမ်း၊ ၎င်းတို့၏ ပိုင်ဆိုင်မှုပစ္စည်းတို့ ကို အဘာ ယ်ကြောင့်သက်သေအဖြစ်ယူထားခြင်းနှင့် မည်သည့်အချိန်ပြန်ပေးမည်ဆို သည့်အချက်အလက်များကိုပြောထား ရမည်။ တရားစီရင်ရေးအကြိုကာလတွင် လူကုန်ကူးခံရသူများကို အကြံဉာဏ်ပေးခြင်းနှင့်အခြားစိတ်ခံစားမှုအထောက်အပံ့တို့ပေးခြင်းအားဖြင့်သက်သေအဖြစ်ဆောင် ရွက်နိုင်ရန်ပြင်ဆင်ပေးနိုင်ပါသည်။ ဤအထောက်အပံ့ကို တရားရုံးစစ်ဆေးစဉ်ကာလမှာလည်း ဆက် လက်ပေးဆောင်ရမည်။

အချို့ အဖွဲ့ဝင်နိုင်ငံများတွင် ကြိုတင် ၍ သက်သေများကို ဥပဒေရေးရာလိုအပ်ချက် ပံ့ပိုးသည်။ ၎င်းကိစ္စတွင် အရည်အချင်းရှိသူကို အသုံးပြုပြီး ၎င်းတို့ နှင့် လိုက်ပါပြီး တရားရုံးလုပ်ထုံးလုပ်နည်းတို့ ကို သိရှိနားလည်နိုင်ရန်၊ ဖြေကြားနိုင်ရန် ပံ့ပိုးသည်။

တရားပြိုင်များခံစားခွင့်နှင့်အတူ လူကုန်ကူးသူများကို လူကုန်ကူးခံရသူများနှင့် မိသားစုတို့ အား ကလဲ့စားချေမှုမပြုနိုင်ရန်ထိန်းသိမ်းထားရမည်။ထိုကဲ့သို့ သော ထိန်းသိမ်းထားမှုကလူကုန်ကူးခံရသူနှင့် ၎င်း၏မိသားစုတွေကို ပိုပြီးလုံခြုံမှုပေးနိုင်ပြီး၊လူကုန်ကူးသူများကိုလည်းသက်သေအထောက်အထားတွေမဟန့်.တားနိုင်ရန်(သို့.)သက်သေများကိုမနှောင့်ယှက်နိုင်ရန်တားဆီးခြင်းအားဖြင့်မျှတသောတရားစီရင်ရေးတို့.ကိုဖြစ်ပေါ်လာစေရန်အားပေးလိမ့်မည်။၂၁

နယ်စပ်ဖြတ်ကျော်လူကုန်ကူးခံရသူများကို ကနဦးစုံစမ်းစစ်ဆေးစဉ်နှင့်တရားရုံးစစ်ဆေးစဉ်ကြားတွင် မိမိ၏မူရင်းနိုင်ငံသို့ ပြန်ပို့.သင့်မသင့် ၎င်းတို့ ၏အကျိုးရလဒ်ပေါ်မူတည်ပြီးဆုံးဖြတ်သင့်သည်။ ၎င်းဆုံးဖြတ်ချက်မှာ နေရင်းနိုင်ငံ၏ကာကွယ်ပေးရေးယန္တရား၊ တရားရုံးစစ်ဆေးရေးဖြစ်နေတဲ့နိုင်ငံကိုပြန်လည်ခေါ်လာနိုင်ခြေရှိမရှိ(သို့.)အင်တာနက်သတင်းအချက်အလက်ဖလှယ်တဲ့ဆက်သွယ်ရေးနည်းပညာကို သုံးပြီး အဝေးရောက်သက်သေထွက်ဆိုချက်ပေးနိုင်ရေးပေါ်မှာမူတည်ပါသည်။ အကယ်၍ သက်သေ ထွက်ဆိုရန်မသင့်လျော်၊ လက်တွေ့.မကျလျှင် စာဖြင့်ရေးသားထားသော သက်သေထွက်ဆိုချက်အသုံး ပြုနိုင်ပါသည်။၂၂

**အကြံပြုချက်။** လူကုန်ကူးခံရသူများနှင့် သက်သေများကိုတရားရုံးမစစ်ဆေးမီကူညီမှုပေးပါ။

လူကုန်ကူးမှုဆန့် ကျင်ရေးစီမံချက်မှလူကုန်ကူးခံရသူများနှင့်သက်သေများကို တရားရုံးမစစ်ဆေးမီကူညီမှုအတွက်အနည်းဆုံးအဆင့် အဆင့်အတန်းရှိသောအထောက်အပံ့ကိုပေးပါသည်။ နိုင်ငံများအနေနှင့် ထိုကဲ့သို့ သောအထောက်အပံ့ကို ပေးနိုင်ရန်အတွက် တရားဝင်ဖြစ်သောလုပ်ငန်းစဉ်ကို လုပ်ဆောင်ရမည်။ တရားစွဲရေးစနစ်၊ အထူးကူညီပေးရေးကိုစနစ်ကိုနားလည်သော အစိုးရမဟုတ်သောအဖွဲ့ အစည်းများ(NGOs)နှင့်အရပ်သားလူမှုအဖွဲ့ အစည်းများအနေနှင့် ထိုသို့ သောအထောက်အပံ့ပေးမှုများကို ကူညီကောင်း ကူညီနိုင်လိမ့်မည်။



၂၁ ပြစ်မှုဆိုင်ရာတရားရေးကျင့်သုံးသူများအတွက် လူကုန်ကူးမှုဆန့် ကျင်ရေးလက်ကိုင်စာအုပ်(Anti-Human Trafficking Training Manual for Criminal Justice Practitioners)၊ အပိုင်း ၁၁။ လူကုန်ကူးသည့်အမှုများကိုပြစ်မှုများဆိုင်ရာတရားစီရင်ရေးတွင် ကူးခံရသူများ၏လိုအပ်ချက်များ၊ UNODC/UN.GIFT၊ စာမျက်နှာ ၈။

22 ပြစ်မှုဆိုင်ရာတရားရေးကျင့်သုံးသူများအတွက် လူကုန်ကူးမှုဆန့် ကျင်ရေးလက်ကိုင်စာအုပ်(Anti-Human Trafficking Training Manual for Criminal Justice Practitioners)၊ အပိုင်း ၁၁။ လူကုန်ကူးသည့်အမှုများကိုပြစ်မှုများဆိုင်ရာတရားစီရင်ရေးတွင် ကူးခံရသူများ၏လိုအပ်ချက်များ၊ UNODC/UN.GIFT၊ စာမျက်နှာ ၇-၈။

## စစ်ဆေးစဉ်လုံခြုံရေး

တရားရုံးမဝင်ခင်လူကုန်ကူးခံရသူများတွင်အခက်အခဲရှိပါသည်။တရားရုံးတွင်သက်သေအဖြစ်ဆောင်ရွက်နိုင်ရန်၊အချို့သောနိုင်ငံများကသက်သေများကိုအထောက်အပံ့ပေးမဲ့အစီအမံများကိုလုပ်ဆောင်ထားပါသည်။ဤအစီအမံများကိုသက်သေများအနေနဲ့ငြိမ်းခြောက်မှု၊နောက်ထပ်စိတ်ဒဏ်ရာ၊ပုဂ္ဂိုလ်ရေးလုံခြုံမှုနှင့်/သို့မဟုတ်အများပြည်သူရှေ့အရှက်တရားစသည့်အန္တရာယ်ကိုအနိမ့်ဆုံးဖြစ်အောင်လုပ်ပြီးတရားရုံးတွင်အကောင်းဆုံးသောသက်သေထွက်ဆိုချက်ပေးနိုင်ရန်ဖြစ်ပါသည်။ထင်သာမြင်သာရှိခြင်းဟာတရားခွင်ရဲ့အဓိကကျတဲ့အချက်ဖြစ်ပေမဲ့၊ရာဇဝတ်တရားမျှတမှုစနစ်ထဲမှာပါဝင်သူများ၏အခွင့်အရေးအနေနဲ့မလိုလားအပ်တဲ့စိတ်အနှောင့်အယှက်(သို့)အများပြည်သူရှေ့အရှက်သိက္ခာရခြင်းကာကွယ်ပေးရေးလည်းအရေးကြီးပါသည်။နိုင်ငံများအနေနဲ့ရာဇဝတ်တရားမျှတမှုစနစ်ထဲမှာပါဝင်တဲ့သူတွေကိုကာကွယ်ပေးတဲ့အစီအမံတွေဟာမျှတတဲ့အများပြည်သူရှေ့ ကြားနာစစ်ဆေးမှုကိုအကျိုးသက်ရောက်နိုင်ပါသည်။

လူကုန်ကူးခံရသူများနှင့် သက်သေများကို တရားရုံး စစ်ဆေးစဉ်အတွင်း သက်သေထွက်ချက်ထိရောက်ရန် အောက်ပါအတိုင်း လုပ်ဆောင်ရပါမည်။

### အကြံပြုချက်။ ဥပဒေကြောင်း စွဲဆိုမှုကာလအတွင်းလူကုန်ကူးခံရသူများကိုကူညီပါ။

နိုင်ငံများအနေနှင့်လူကုန်ကူးခံရသူများကိုဥပဒေကြောင်းစွဲဆိုမှုတွင်ဖြစ်စေ၊တရားရုံးကြားနာမှုတွင်သက်သေအဖြစ်ဖြစ်စေဆောင်ရွက်ရာတွင်၄င်းတို့ နားလည်သောဘာသာစကားတွင်ကျယ်ကျယ်ဝန်းဝန်းရှင်း ပြပေးရမည်။ထို့အပြင်နိုင်ငံများအနေနှင့်၄င်းသူတို့၏တရားဝင်အခွင့်အရေးနှင့်တာဝန်များကိုသိရှိနားလည်နိုင်စေရန်တသီးတခြားရပ်တည်နေသောပြင်ပရှေ့ နေများနှင့်တိုင်ပင်ပေးနွေးနိုင်ရန်အခွင့်အရေးပေးဆောင်ရမ

- လူကုန်ကူးခံရသူများကို ရုပ်သံ(သို့ )ဗီဒီယိုဆက်သွယ်ရေးဖြင့် သက်သေထွက်ဆိုခြင်း
- လူကုန်ကူးခံရသူများကိုတရားရုံးတွင်လျှို့ဝှက်စွာတရားခံများနှင့်အများပြည်သူတိုနှင့်ထိတွေ့မှုမှကန့် သတ်ထားခြင်း
- သက်သေထွက်ရာတွင် အထောက်အပံ့ပေးနိုင်သောပုဂ္ဂိုလ်တစ်ယောက်ရှိစေခြင်း
- လူကုန်ကူးခံရသူများ၏ သက်သေထွက်ချက်များကို နောင်အခါတွင်လည်း အသုံးပြုရန် နည်းဥပဒေ ပြဌာန်းခြင်း
- အဝေးရောက်လူကုန်ကူးခံရသူများ၏သက်သေထွက်ချက်တိုကိုရုပ်သံဗီဒီယိုဆက်သွယ်ရေးဖြင့်လုပ်ဆောင်စေခြင်း
- လူကုန်ကူးခံရသူများ၏ ကိုယ်ရေးကိုယ်တာလွတ်လပ်မှုကို မီဒီယာတို ့၏ စာနယ်ဇင်းကြော်ငြာ ခြင်းမှတားမြစ်ကာကွယ်ပေးခြင်း

### အကြံပြုချက်။ ကလေးသူငယ်ကုန်ကူးခံရသူနှင့်သက်သေများအတွက်ကာကွယ်ရေးမူဝါဒများကိုချမှတ်ပါ။

နိုင်ငံများအနေနှင့် အားနွဲ့သောပုဂ္ဂိုလ်များကို ကာကွယ်ရေးအတွက်လိုအပ်သော တိုင်းတာမှုများနှင့်ထောက်ခံမှုအကူအညီများကို စဉ်းစားကောင်းစဉ်းစားရမည်။ ကလေးသူငယ်များအတွက်လည်း တစ်ပြိုင်တည်းအကျုံးဝင်ရမည်။ ထပ်မံပြီး ကာကွယ်မှုများအဖြစ်၊ ကလေးငယ်များ၏ ရဲနှင့်ထွက်ဆိုချက်(သို့ )သက်သေအဖြစ်ထွက်ဆိုချက်များကိုရုပ်သံမှတ်တမ်းဖြင့် မှတ်တမ်းတင်ခြင်းကိုခွင့်ပြုရမည်။ သို့ သော် ကလေးသူငယ်များအနေနှင့် အလွန်ဒုက္ခရောက်ခဲ့သောအခြေအနေမှလာခဲ့လျှင်၊ ထိုကဲ့သို့ သောလုပ်ငန်းစဉ်တွင် ပါဝင်စရာမလိုပါ။

အချို့နိုင်ငံများ၏တရားခွင်တွင် စိတ်ဖိစီးမှုနှင့်ဒဏ်ရာကိုသက်သာစေဖို့ အလို့ငှာ လူကုန်ကူးခံရသူများ ကို အချက်အလက်များပေးဖို့၊ မျက်နှာချင်းဆိုင်အထောက်အပံ့နှင့်တရားရုံးလိုက်ပါဖို့ အရာရှိများခန့် ထားပါသည်။ လူမှုရေးအသင်းအဖွဲ့များကလည်း လူကုန်ကူးခံရသူများတရားစီရင်ရေးလုပ်ငန်းစဉ်တစ် လျှောက် အဖိုးမဖြတ်နိုင်သော အကူအညီနှင့်ဂရုစိုက်မှုကိုပေးနိုင်ပါသည်။

နိုင်ငံများအနေနဲ့ တရားရုံးတွင်အမှုတစ်ခု ဆုံးဖြတ်ချက်ရောက်ပြီး၊ ပြစ်မှုကျူးလွန်သူများကိုပြစ်ဒဏ်ပေး ပြီးသောအခါ အဲဒီလူကုန်ကူးခံရသူများကို မိမိဆန္ဒအလျောက် ၄င်းတို့ကြုံခဲ့ရတဲ့ထိခိုက်မှုတွေကို ထုတ် ဖော်ပြောကြားနိုင်ရန်ခွင့်ပြုသင့်ပါသည်။လူကုန်ကူးခံရသူများ၏ထွက်ဆိုချက်များသည်တရားသူကြီး အား မိမိတို့၏ ရုပ်ပိုင်း၊ စိတ်ပိုင်း၊ စီးပွားရေးနှင့် လူမှုရေးပိုင်းထိခိုက်မှုကို ရှင်းပြသကဲ့သို့ ဖြစ်ပါသည်။ အောက်ပါအတိုင်း ထိရောက်ပါသည်။

- ရာဇဝတ်မှုတရားစီရင်ရေးလုပ်ငန်းစဉ်တွင် လူကုန်ကူးခံရသူများ၏ အထီးကျန်မှုကိုလျော့နည်းစေခြင်း

- အများပြည်သူ ဝေဖန်ချက်ပေးရန် စီရင်ချက်တို့ကို ထင်သာမြင်သာပြုခြင်း

- လူကုန်ကူးသူများ၏ပြန်လည်ထူထောင်ရေးလုပ်ငန်းများကိုလူကုန်ကူးသူများ၏ပြန်လည်ထူထောင်ရေးလုပ်ငန်းကို ၄င်းတို့ပြစ်မှု၏ဆိုးကျိုးသက်ရောက်မှုကို ရင် ဆိုင်ခြင်းဖြင့်မြှင့်တင်ရန်။

နိုင်ငံများအနေနဲ့ လူကုန်ကူးခံရသူများ၏ သက်ရောက်မှုထွက်ဆိုချက်ကို သုံးရာတွင် ပြစ်ဒဏ်ပေးမှုနှင့် ပတ်သက်၍ထင်မြင်ချက်ပေးခြင်းတွင်မပါဝင်ရန်(သို့)စော်ကားပုတ်ခတ်သော၊ ခြိမ်းခြောက်သော(သို့) အနှောင့်အယှက်ပေးသောအရာများ ထွက်ဆိုချက်တွင်မပါရန်သေချာတဲ့လုံခြုံရေးစီမံချက်ရှိရမည်။ လူကုန်ကူးသူများကို လူကုန်ကူးခံရသူများ၏သက်သေထွက်ချက်တို့အား စစ်ဆေးခွင့်ပေးပါသည်။

## အကြံပြုချက်။ အကူအညီပေးခြင်း၊ အထောက်အပံ့ပေးခြင်းသည် ပါဝင်ရန်မက်လုံးပေးခြင်းမဟုတ်စေရ။

အကူအညီပေးခြင်း၊ အကာအကွယ်ပေးခြင်းတို့သည် တရားစွဲဆိုရေးကိုအဟန့်အတားဖြစ်စေသောမက်လုံးအဖြစ်မှတ်ယူမည့်ပုံစံမျိုးအနေနှင့် မပေးဆောင်ရ။ သက်သေများကိုထောက်ပံ့သည့်နေရာထိုင်ခင်းနှင့် နေထိုင်ခွင့်ဗီဇာအပါအဝင် မည်သည့်အရာကိုမဆိုမှတ်တမ်းတင်ပြီး ကျိုးကြောင်းဆီလျော်စွာရှင်းပြရမည်။ ထောက်ပံ့မှုကိုအလွဲသုံးစားလုပ်ခဲ့လျှင် ဖော်ထုတ်ပြီးအမြန်ဆုံးကိုင်တွယ်ရမည်။

## တရားရုံးစစ်ဆေးမှုနောက် ကာကွယ်ခြင်း

တရားစွဲဆိုခြင်းကိစ္စပြီးသောအခါ ကာကွယ်ခြင်းတို့ကို မရပ်သင့်ပါ။ တရားစွဲဆိုခြင်းကိစ္စပြီးပြီးချင်း သက်သေများကိုအထောက်အကူဝန်ထမ်းများနှင့်အခြားသက်ဆိုင်ရာအာဏာပိုင်များအနေနဲ့လူကုန်ကူးခံရသူများ၏လိုအပ်ချက်အရတရားရုံးစစ်ဆေးမှုအကျိုးတရားသတင်းအချက်အလက်များကို ပေးရမည်။ ၄င်းတို့မှာလူကုန်ကူးသူများအားပြစ်ဒဏ်ချမှတ်ချက်၊ပြစ်ဒဏ်ကာလ၊လွတ်မြောက်ရက်နှင့်အယူခံကိစ္စတို့ဖြစ်ပါသည်။လူကုန်ကူးခံရသူများ၏ကာကွယ်ရေးအစီအစဉ်ကို၄င်းသူတို့နှင့်ဆွေးနွေးတိုင်ပင်ပြီးမှသာ လုပ်ဆောင်ရ မည်။

တရားစွဲဆိုမှုနောက်ပိုင်းလူကုန်ကူးခံရသူများ၊၄င်းတို့၏မိတ်ဆွေနှင့်မိသားစုများအားခြိမ်းခြောက်မှုများပြားပါသည်။ထို့ကြောင့် အဖွဲ့ဝင်နိုင်ငံများက လိုအပ်သော ဘေးကင်းရေးကို ဆောင်ရွက်ပြီး ခံရသူအား မိမိနိုင်ငံရင်းသို့ပြန်ပို့စဉ်အန္တရာယ်ရှိပါကဥပဒေစိုးမိုးမှုအောက်တွင်အမြဲတမ်းနေထိုင်ခွင့်ပေးရမည်။[၂၃]ကလဲ့စားချေခံရနိုင်ခြင်း(သို့)ပြန်လည်လူကုန်ကူးခံရနိုင်ခြင်းအပြင်လူကုန်ကူးခံရသူတစ်ယောက်တရားစွဲခံနေရတဲ့နိုင်ငံ(သို့)အခြားနိုင်ငံမှာနေထိုင်ခွင့်ရသင့်(သို့)ပြန်ပို့ခံရခြင်းနှင့်ပတ်သက်၍ဆုံးဖြတ်ရာတွင်အဲဒီနိုင်ငံကနေမလောက်မငအထောက်အပံ့နှင့်အကူအညီကလည်းအန္တရာယ်ဖြစ်စေမှုကိုစစ်ဆေးသင့်ပါသည်။[၂၄]

[၂၃] အောက်တွင်ဖော်ပြထားသော အပိုင်း ၃.၃ ဖြစ်တဲ့ ရေရှည်တည်တံ့ကာကွယ်မှုဖြေရှင်းနည်းများကိုကြည့်ပါ။

[၂၄] အောက်တွင်ဖော်ပြထားသော အပိုင်း ၃.၃ ဖြစ်တဲ့ ရေရှည်တည်တံ့ကာကွယ်မှုဖြေရှင်းနည်းများကိုကြည့်ပါ။

## ၂.၃။ စဉ်ဆက်မပြတ်ဖွံ့ဖြိုးသော ကာကွယ်ရေးဖြေရှင်းမှု

၄င်းကိစ္စကိုလူကုန်ကူးခံရသူနှင့်ပထမဆုံးတွေ့သည့်အချိန်မှစ၍၄င်းတို့ယာယီခိုလှုံခွင့်၊ကျန်းမာရေးစောင့်ရှောက်မှုနှင့်လုံခြုံရေးစသည်တို့ကိုအကဲဖြတ်ခြင်းဖြင့်လုပ်ဆောင်ရပါသည်။၄င်းအစီအစဉ်ကိုမူရင်းနိုင်ငံ၊ကြားခံနိုင်ငံ(သို့)နောက်ဆုံးသွားရောက်သည့်နိုင်ငံတွင်လုပ်ဆောင်ရသည်။'ကာကွယ်စောင့်ရှောက်ရေးဖြေရှင်းချက်များ'တွင်လူကုန်ကူးခံရသူများကိုလူကုန်ကူးသူတွေ၏ထိန်းချုပ်မှုအောက်ကနေဖယ်ရှားခြင်းနှင့်လတ်တလောအန္တရာယ်ဖြစ်မှုမှကာကွယ်ပေးခြင်းတို့ပါဝင်ပြီး၊ရေရှည်တည်တံ့ကာကွယ်စောင့်ရှောက်မှုဖြေရှင်းချက်များက ပိုပြီး ပြီးပြည့်စုံသည်။ ဆိုလိုတာက လတ်တစ် လောစောင့်ရှောက်မှုအပြင် လူကုန်ကူးခံရသူများကို၄င်းတို့၏ကိုယ်ပိုင်လွတ်လပ်ခွင့်ရရှိရန်နှင့်လူ့အဖွဲ့အစည်းသို့ပေါင်းစပ်ရန်(သို့) ပြန်လည်ပေါင်းစပ်ရန် လုပ်ကိုင်ခွင့်ရရန် အားပေးခြင်းတို့ပါဝင်သည်။

စဉ်ဆက်မပြတ်ဖွံ့ဖြိုးသော ကာကွယ်ရေးဖြေရှင်းမှုတွင် လူကုန်ကူးခံရသူများအား ရေရှည် ဘေးအန္တရာယ်မှ လွတ်မြောက်ရန်၊ ဘဝသစ်နေထိုင်ရန် အစီအစဉ်ရှိပါသည်။ ဥပမာ- ကျောင်းထားခြင်း၊ သင်တန်းပေးခြင်း၊ အသက်မွေးဝမ်းကြောင်းနှင့် အလုပ်အကိုင်ပေးခြင်းတို့ဖြင့် လူမှုစီးပွားရေး ဘဝတို့ကိုမြှင့်တင်ပေးပါသည်။ ပထမဆုံးထိတွေ့ချိန်မှာ တွေ့ရှိခဲ့တဲ့အချို့ဖြေရှင်းချက်များဖြစ်တဲ့ စဉ်ဆက်မပြတ်နေထိုင်ခွင့်၊ဆေးဝါးနှင့်စိတ်ပိုင်းဆိုင်ရာအထောက်အကူနှင့်ဘေးကင်းလုံခြုံမှုနှင့်လုံခြုံရေးများအတွက် အာမခံချက်စသည် တို့ကို ဆက်လက်ပြီး လုပ်ဆောင်ပေးရပါမည်။

ဤကူညီမှု၏ ရည်ရွယ်ချက်မှာ လူကုန်ကူးခံရသူများအား တစ်ကိုယ်ရေ လုံလောက်မှုနှင့် လူမှုစီးပွားရေးဘဝတွင် ရပ်တည်နိုင်ရန် ဖြစ်ပါသည်။ ဤရည်ရွယ်ချက် မအောင်မြင်ပါက ထပ်မံ ဒုက္ခခံရမှုတိုးတက်ပြီး ထပ်မံ လူကုန်ကူးခံရမှုသံသရာတွင် ထပ်မံကျင်လည်နိုင်စေပါသည်။

စဉ်ဆက်မပြတ်ကာကွယ်ရေးဖြေရှင်းမှုသည် နယ်စပ်ဖြတ်ကျော်လူကုန်ကူးမှုဖြစ်သောအခါနှင့်အထောက်အပံ့နှင့်ကာကွယ်ရေးအစီအစဉ်ကို နှစ်နိုင်ငံထက်ပိုသောအာဏာပိုင်များနှင့်ဝန်ဆောင်မှုပေးသူများပါ ဝင်သောအခါပိုပြီးရှုပ်ထွေးသည်။အတိတ်ပြန်လည်တွေးတောကာလ(သို့ )တရားစွဲဆိုမှုပြီးဆုံးသောအခါ မိမိသဘောဖြင့်နေရပ်ပြန်လိုမှု(သို့)ပြန်လည်ပူးပေါင်းမှုတို့ကိုရှာဖွေရပါမည်။[၂၅] လူကုန်ကူးခံရသူတွေဟာ နေထိုင်ခွင့်ဗီဇာ(သို့)တတိယနိုင်ငံတစ်နိုင်ငံသို့ပြောင်းရွှေ့ခွင့်မရလျှင်မိမိမူရင်းနိုင်ငံသို့ပြန်ရကောင်းပြန်ရလိမ့်မည်။ မူရင်းနိုင်ငံသို့ ပြန်သောအခါ ၄င်းတို့ အား ကလဲ့စားချေမှု၊ နှောင့်ယှက်ပေးစေမှုတို့ မှ ကင်းဝေးရန် အဖွဲ့ဝင်နိုင်ငံ အကြီးအမှူးတို့ မှ လုပ်ဆောင်ရပါမည်။

မိမိမူရင်းနိုင်ငံသို့ပြန်ခြင်းသည် မိမိဆန္ဒအလျောက်ဖြစ်စေပြီး၊ ပြန်သူတို့၏လူ့အခွင့်အရေး၊ ဘေးအန္တ ရာယ်ကင်းရေးနှင့်ဂုဏ်သိက္ခာမကျဆင်းရေး၊ လုံလောက်သောကာကွယ်မှု၊ ပြန်လည်ပေါင်းစည်းရန်လို အပ်သောအထောက်အပံ့နှင့်ပြန်လည်၍ လူကုန်ကူးမခံရရေးတို့ကို လုပ်ဆောင်ပေးရမည်။[၂၆]အကယ်၍ တတိယနိုင်ငံတွင်လူကုန်ကူးခံရသူကအထိုင်ချလိုပါကထိုနိုင်ငံမှလုံခြုံမှုအစီအစဉ်များလုပ်ဆောင်ပေးရပါမည်။[၂၇]လူသားခြင်းစာနာထောက်ထားမှုဆိုင်ရာထည့်သွင်းစဉ်းစား(သို့)အခြားအန္တရာယ်များကြောင့်မပြန်နိုင်သောဒုက္ခသည်များကိုယာယီ(သို့)အမြဲတမ်းနေထိုင်ခွင့်ပေးဖို့အဲဒီနိုင်ငံအနေနဲ့စဉ်းစားသင့်ပါသည်။

တိုးတက်သောကာကွယ်ရေးဆိုင်ရာ ဖြေရှင်းမှုသည် ဝန်ဆောင်မှုပေးသူများနှင့် အစိုးရ၊ ပုဂ္ဂလိက အကြီးအကဲများ ပူးပေါင်းဆောင်ရွက်ရန်ဖြစ်ပါသည်။ လွှဲအပ်မှုနှင့် ပြန်လည်ဖြေကြားမှုတို့ သည် နေရင်းနိုင်ငံနှင့် ရောက်ရှိနိုင်ငံတို့ ကြား အချိန်မှီဆောင်

[၂၅] လူ့ အခွင့်အရေးနှင့်လူကုန်ကူးမှုအတွက်အကြံပြုထားသောအခြေခံမူများနှင့်ညွှန်းဆိုချက်များ(E/2002/68/Add.1)၊ ကုလသမဂ္ဂလူ့ အခွင့်အရေးမ ဟာမင်းကြီး၊ ညွှန်းဆိုချက် ၅(၈)။

[၂၆] လူ့ အခွင့်အရေးနှင့်လူကုန်ကူးမှုအတွက်အကြံပြုထားသောအခြေခံမူများနှင့်ညွှန်းဆိုချက်များ(E/2002/68/Add.1)၊ ကုလသမဂ္ဂလူ့ အခွင့်အရေးမ ဟာမင်းကြီး၊ ညွှန်းဆိုချက် ၆(၈)။ ထို့ အပြင် လူကုန်ကူးခံရသူများ၏ဘေးကင်းစွာပြန်နိုင်ရေးပြဌာန်းချက်မူရဲ့ စာစောင် ၈(၃)-(၄)၊ စာစောင် ၉(၁) (ခ) ကိုကြည့်ပါ။

[၂၇] လူ့ အခွင့်အရေးနှင့်လူကုန်ကူးမှုအတွက်အကြံပြုထားသောအခြေခံမူများနှင့်ညွှန်းဆိုချက်များ(E/2002/68/Add.1)၊ ကုလသမဂ္ဂလူ့ အခွင့်အရေးမ ဟာမင်းကြီး၊ ညွှန်းဆိုချက် ၆(၈)။ ထို့ အပြင် လူကုန်ကူးခံရသူများ၏ဘေးကင်းစွာပြန်နိုင်ရေးပြဌာန်းချက်မူရဲ့ စာစောင် ၈(၃)-(၄)၊ စာစောင် ၉(၁) (ခ) ကိုကြည့်ပါ။

[၂၈] လူ့ အခွင့်အရေးနှင့်လူကုန်ကူးမှုအတွက်အကြံပြုထားသောအခြေခံမူများနှင့် ညွှန်းဆိုချက်များရဲ့ရှင်းလင်းချက်မှတ်စု OHCHR၊ ၂၀၁၀၊ စာမျက်နှာ ၁၈၀-၁၈၂ ကိုကြည့်ပါ။

ရှက်နိုင်ရန် အရေးကြီးပါသည်။ လူကုန်ကူးခံရသူများ၏ ပူးပေါင်းဆောင်ရွက်မှုတို့သည် ဤကိစ္စအတွက် အရေးကြီးပါသည်။လူကုန်ကူးခံရသူများအနေနဲ့ကာကွယ်ရေးအစီအစဉ်များဆောင်ရွက်ရာတွင်၎င်းတို့၏တာဝန်နှင့်ဝတ္တရားများကိုနားလည်ရမည်သာမက၊၎င်းတို့အနေနဲ့မည်သည့်အကူအညီများလိုအပ်သည်စသည်တို့ကိုဖော်ပြခြင်းသည်လည်းရေရှည်စီမံကိန်းအတွက်အရေးကြီးသောအချက်များဖြစ်သည်။ကာကွယ်ရေးလုပ်ငန်းများတိုးတက်ရန်ဆောင်ရွက်ရာတွင် တစ်ဦးချင်းလိုအပ်ချက်ကို လေးစားရပါမည်။ ကလေးများ၏အကျိုးစီးပွားများကိုလည်းရှေ့တန်းတင်ပေးရပါမည်။အကူအညီပေးမှုနှင့်ကာကွယ်ရေးစီမံကိန်းတို့ကိုလည်းအကဲဖြတ်ပြီးလူကုန်ကူးခံရသူများ၏ပြောင်းလဲသောလိုအပ်ချက်များနှင့်အညီညှိပေးရမည်။

### ဇယား ၁။ ကာကွယ်မှုဆိုင်ရာဖြေရှင်းမှု မာတိကာများ

| | |
|---|---|
| အခြေခံလိုအပ်ချက် | • ပြန်လည်ပူးပေါင်းဆောင်ရွက်သောအခါ ဘေးကင်းသော နေရာထိုင်ခင်း။<br>• ဘေးကင်းမှု၊ လုံခြုံရေးအစီအမံ |
| ဆေးကုသရေးနှင့်စိတ်ပိုင်းဆိုင်ရာ လူမှုရေးဆောင်ရွက်မှု | • စိတ်ပိုင်းဆိုင်ရာ နှစ်သိမ့်ဆွေးနွေးခြင်း<br>• မိသားစုများသွားရောက်လည်ပတ်ခြင်းအပါအဝင် လူမှုရေးနှစ်သိမ့်ဆွေးနွေးမှု။<br>• ဆေးကုသရေးနှင့် သွားဖက်ဆိုင်ရာ ဝန်ဆောင်မှု<br>• မိသားစု၊ လူ့အဖွဲ့အစည်း ပါဝင်ပူးပေါင်းမှုနှင့် ကြားဖြတ်လုပ်ဆောင်မှု |
| စီးပွားရေးဆိုင်ရာ ပြန်လည်ပူးပေါင်း ဖွဲ့စည်းရန် | • ပညာရေး၊ အထူးသဖြင့် ကလေးများအတွက်<br>• ဘာသာစကားလေ့ကျင့်ပြန်ကြားရေး<br>• အလုပ်ဈေးကွက်ဆိုင်ရာ အသက်မွေးဝမ်းကြောင်းပညာ သင်ကြားပေးခြင်း<br>• အလုပ်နေရာချမှု ကူညီခြင်း<br>• အသက်မွေးဝမ်းကြောင်း၊ အမတော်ကြေးပေးခြင်းနှင့် အကြံဉာဏ်ပေးခြင်း<br>• ငွေရင်းတည်ထောင်ပေးခြင်း |
| ဥပဒေဆိုင်ရာအကူအညီ | • ဥပဒေကြောင်း နှစ်သိမ့်ဆွေးနွေးခြင်း<br>• ဥပဒေမပြုမီ ပြစ်မှုဆိုင်ရာတိုင်တန်းချက်နှင့် ပြုပြင်ချက်ကို ဖြည့်စွက်ခြင်း<br>• လျော်ကြေးရရန် ကူညီခြင်း<br>• ယာယီနေထိုင်ခွင့် ခွင့်ပြုချက်(သို့)အမြဲတမ်းနေထိုင်ခွင့်ရရန်လျှောက်ရာတွင်ကူညီခြင်း<br>• လူကုန်ကူးခံရသူများကို ပြစ်မှုမှ ပလပ်ရန် ကိုယ်စားပြုခြင်း[၂၉] |

## နစ်နာကြေးပေးခြင်း

ရေရှည်တည်တံ့တဲ့ကာကွယ်မှုဖြေရှင်းချက်များကို လွယ်ကူစေသောအရာတွေဟာ နစ်နာကြေးနှင့်ငွေကြေးအကူအညီပေးခြင်း၊ (သို့)လူကုန်ကူးခံရခြင်းကြောင့်ထိခိုက်၊ ဆုံးရှုံး(သို့)နစ်နာမှုတွေကို အသိအမှတ်ပြုခြင်းဖြစ်ပါသည်။ နစ်နာကြေးသည် ကြုံခဲ့ရသောဒုက္ခအတွေ့အကြုံကို ပြန်လည်မပြောင်းပေးနိုင်သော်လည်း၊ ပြန်လည်ထူထောင်ရန်နှင့်ငွေကြေးရေးရာအရ ပြန်လည်၍ လူကုန်ကူးမခံရအောင်ဆိုတဲ့အမြင်ကို မြှင့်တင်စေပါသည်။နစ်နာကြေး၊ လျော်ကြေးတွင် မပေးရသည့်လုပ်ခ၊ တရားစရိတ် ဆေးဖိုးဝါးခ၊ ဆုံးရှုံးသောအခွင့်အရေးနှင့် ထိခိုက်ဖျားနာမှုအတွက် လျော်ကြေးတို့ပါဝင်သည်။[၃၀]

[၂၉] ဥပဒေမဲ့မဖြစ်ရေးအတွက်ပိုမိုသိရှိလိုပါက၊ ' see Policy Guide on Criminalizing Trafficking in Persons '၊ ဘာလီလုပ်ငန်းစဉ်(Bali Process)၊ ၂၀၁၄၊ စာမျက်နှာ ၇ ကိုကြည့်ပါ။

[၃၀] ထို့အပြင် ရာဇဝတ်မှု၏သားကောင်နှင့်ပါဝါအလွဲသုံးစားမှုတရားမျှတရေးအခြေခံမူများအတွက် ကုလသမဂ္ဂ၏ကြေငြာချက်၊ A/RES/40/34၊ နိုဝင်ဘာ ၂၉ ၁၉၈၅(စာစောင် ၁၂ နှင့် ၁၃)။

တရားစီရင်မှုတော်တော်များများတွင် ပျက်စီးဆုံးရှုံးမှုအတွက် အရပ်ဘက်အရေးဆိုမှုကို ရာဇဝတ်အရေးနှင့်ဆက်နွယ်ထားပြီး၊ တရားရုံးဆုံးဖြတ်ချက်တွင် ငွေကြေးဆိုင်ရာဆုများထည့်သွင်းထားပါသည်(သို.) လျော်ကြေးအဖြစ်လူကုန်ကူးခံရသူကို နစ်နာကြေးထည့်သွင်းထားသည်။ သို.ပေမဲ့ တစ်ချို.ကတော့ ပြစ်မှုဆိုင်ရာတရားစွဲမှုနှင့်မဆက်နွယ်ပဲ အရပ်ဘက်လှုပ်ရှားမှုမှတစ်ဆင့် ဆုံးရှုံးမှုတွေအတွက် ပြန်လည် လျော်ကြေးရရှိစေပါသည်။


အာရှပစိဖိတ်ဒေသရှိ အချို့နိုင်ငံတို့သည် လူကုန်ကူးခံရသူများ ပြန်လည်ထူထောင်ရာတွင် ထောက်ပံ့ပေးရန်နိုင်ငံတော်ရန်ပုံငွေထားပါသည်။ လူကုန်ကူးခံရသူများတွက် ထောက်ပံ့ခြင်းရန်ပုံငွေကို ပြစ်မှုကျူးလွန်ထားခြင်းမှရရှိသောဒဏ်ကြေးများမှထူထောင်ထားသည်။အချို.နိုင်ငံတွေကတော့လူကုန်ကူးခံရသူများကိုလေးနက်သောပြစ်မှုများ(သို.) အကြမ်းဖက်မှုခံရသူများ အတွက် ထူထောင်ထားသော ရန်ပုံငွေစာရင်းမှထောက်ပံ့ထားသည်။

လူကုန်ကူးမှုကြောင့် ထိခိုက်သော ပုဂ္ဂလိကလုပ်ငန်း (သို့) ပံ့ပိုးရေးဌာနတို့တွင် အလုပ်သမားများကိုလူကုန်ကူးခံရမှုများမှကာကွယ်ရန် အထူးတာဝန်ရှိပါသည်။ ၎င်းတွင် နိုင်ငံတော်အဖွဲ့အစည်း၊ ကုသိုလ်ဖြစ်ဌာန၊ နှင့်ပုဂ္ဂိုလ်တစ်ဦးချင်းဆီမှရရှိသောရန်ပုံငွေများပါဝင်သည်။

တရားရေးဌာနမှ လူကုန်ကူးခံရသူများကို သက်သာချောင်ချိရေးအဖွဲ့နှင့် တရားမ တရားရုံးမှတစ်ဆင့်လျော်ကြေးခွင့်ပြုရာတွင် မူမမှန်ရွှေ့ပြောင်းသူများ ၎င်းတို.၏အနေအထား (သို.)စာရွက် စာတမ်းအထောက်အထားမရှိမှုကြောင့် လျော်ကြေးရရန် အခက်အခဲရှိပါသည်။ ထို့ကြောင့် ပုံမှန်မဟုတ်သော လူကုန်ကူးခံရသူများအပါအဝင်လူကုန်ကူးခံရသူများအတွက် နစ်နာကြေးရရန် နိုင်ငံတော်မှ တရားမ တရားရုံးများသို့ ဝင်ရောက်ခွင့်အလွယ်တကူပေးရမည်။

အောက်ဖော်ပြပါပုံသည် လူကုန်ကူးခံရသူများ လျော်ကြေးရင်းမြစ်ဖြစ်ပါသည်။

ပုံစံ ၁။ လူကုန်ကူးခံရသူများကို နစ်နာကြေးပေးရေးအတွက်အလားအလာရှိသောအရင်းအမြစ်များ




## အကြံပြုချက်။ စဉ်ဆက်မပြတ်ကာကွယ်သောဖြေရှင်းမှုအဖြစ် ထိရောက်သော နစ်နာကြေးများကိုပေးပါ။

ဥပဒေကြောင်းတရားမျှတမှုအပြင် လူကုန်ကူးခံရသူများကိုနစ်နာကြေးပေးနိုင်သည့် အရင်းအမြစ်များကို နိုင်ငံများအနေနှင့် စဉ်းစားရမည်။ နစ်နာကြေးများကို လူကုန်ကူးခံရသူနိုင်ငံခြားသားများကိုလည်း ပေးနိုင်ရမည်။

# အပိုင်း ၃။

## ညှိနှိုင်းခြင်းနှင့် ဘက်စုံပုဂ္ဂလိက၊ အစိုးရအကြီးအကဲများချဉ်းကပ်ခြင်း

### ၃.၁။ ကာကွယ်ရေးဆိုင်ရာ ပုဂ္ဂလိက၊ အစိုးရအကြီးအကဲများ

ညှိနှိုင်းခြင်းသည် အရေးကြီးသော ကာကွယ်ရေး ကိစ္စတစ်ရပ်ဖြစ်ပါသည်။ လူကုန်ကူးခံရသူများ၏ ရှုပ်ထွေးသောကာကွယ်ရေးဆိုင်ရာလိုအပ်ချက်ပေးလျှင်ထိရောက်သောအစီအစဉ်တွင်ကျွမ်းကျင်မှုမျိုးစုံနှင့်နှောင့်ယှက်မှုမျိုးစုံပါဝင်လိမ့်မည်။ လူကုန်ကူးခံရသောသူကိုကာကွယ်ရန်တာဝန်သည်အဖွဲ့ဝင်နိုင်ငံနှင့်ပတ်သက်သည်၊သို့သော်အခြားသူများကလည်းပံ့ပိုးမှုပေးကြပါသည်။၃၁ပြည်တွင်းအသင်းအဖွဲ့ဝင်တို့ကိုလူကုန်ကူးခံရသူများနှင့်အာဏာပိုင်များကြားယုံကြည်မှုတည်ဆောက်ရန်ကောင်းစွာချထားကြပါသည်။ ထို့ပြင် ကာကွယ်ရေးလုပ်ငန်း ထိရောက်အောင် ကျွမ်းကျင်သူများဖြစ်ကြပါသည်။

လူကုန်ကူးမှုဆိုင်ရာဆန့်ကျင်ရေးစီမံချက်က နိုင်ငံများအနေနဲ့ လူကုန်ကူးခံရသူ များ၏ ရုပ်ပိုင်း၊ စိတ်ပိုင်းနှင့် လူမှုရေးပြန်လည်ထူထောင်မှုကို အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အခြား ဆက် နွယ်သောအဖွဲ့အစည်းများနှင့်အခြားလူမှုရေး အစည်းများ ပူးပေါင်း၍ စီမံချက်များကို ချမှတ်ရန် တိုက်တွန်းလိမ့်မည်။ထို့အတွက်ကြောင့်ဘက်စုံပုဂ္ဂလိက၊အစိုးရအကြီးအကဲလိုအပ်မှုကိုလူကုန်ကူးမှုဆိုင်ရာဆန့်ကျင်ရေးစီမံချက်ကအသိအမှတ်ပြုပါသည်။၃၂ထို့အပြင်အလုပ်သမားဌာန၊စက်မှုဌာန၊ပြည်တွင်းရေးဌာန၊နိုင်ငံခြားရေးဌာနနှင့်အစိုးရမဟုတ်သောဌာနများမှကလေး၊အမျိုးသမီးနှင့်ရွှေ့ပြောင်းလုပ်သားနှင့်လူကုန်ကူးခံရသူအတွက်အထူးသုသေတနပြုလေ့လာမည်။၎င်းတွင်ဥပဒေရေးရာအကူအညီလည်းပါဝင်သည်။၃၃

### တိုက်ရိုက်အကူအညီပေးခြင်းနှင့် ကာကွယ်ရေးဆိုင်ရာ ပုဂ္ဂလိက၊ အစိုးရအကြီးအကဲများ

အစိုးရအကြီးအကဲတို့သည် လူကုန်ကူးခံရသူများကို ကာကွယ်ရန် တာဝန်ရှိပြီး၊ ငွေကြေးအကူအ ညီကိုလူမှုဖူလုံရေးအစီအစဉ်၊ကလေးစောင့်ရှောက်ရေးအစီအစဉ်၊ ရာဇဝတ်မှုစီရင်မှုမှရရှိသော ရန်ပုံငွေ၊ အကြမ်းဖက်ခံရသောအမျိုးသမီးများရန်ပုံငွေမှတစ်ဆင့် တိုက်ရိုက်အကူအ ညီပေးနိုင်သည်။အောက်ပါ အစိုးရအကြီးအကဲတို့သည် အရေးကြီးပါသည်။

- ရဲနှင့်ဥပဒေရေးရာအကြီးအကဲတို့သည် လူကုန်ကူးခံရသူ၏ ရုပ်ပိုင်းဆိုင်ရာ လုံခြုံမှုအတွက် အရေးကြီးပါသည်။
- လဝကနှင့်ကောင်စစ်ဝန်ဌာနအကြီးအကဲတို့ကိုလူကုန်ကူးခံရသူများကိုနိုင်ငံတွင်းယာယီ(သို့)အမြဲတမ်းနေထိုင်ခွင့်လွယ်ကူစေရေးတွင် ပါဝင်လိမ့်မည်။
- ကျန်းမာရေးဝန်ဆောင်မှု အေဂျင်စီများသည် နှစ်သိမ့်ဆွေးနွေးချက်သတင်းအချက် ဆေးဝါးနှင့် စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးပံ့ပိုးမှုကို ပေးနိုင်ပါသည်။
- လူမှုဝန်ဆောင်မှုအေဂျင်စီများသည်အသက်မွေးဝမ်းကြောင်းနှင့်ပညာရေးဆိုင်ရာသင်တန်းပေးခြင်း၊အလုပ်အကိုင်အခွင့်အလမ်းများပေးခြင်းတို့တွင် အဓိက လုပ်ဆောင်ရမည်။[၃၄]

၃၁ လူကုန်ကူးမှုပြဋ္ဌာန်းချက်(Trafficking in Persons Protocol)၊ စာစောင် ၆(၃) ကိုကြည့်ပါ။

၃၂ လူကုန်ကူးမှုပြဋ္ဌာန်းချက်(Trafficking in Persons Protocol)၊ စာစောင် ၆(၃) ကိုကြည့်ပါ။

၃၃ ပိုမိုသိရှိလိုပါက၊ လူကုန်ကူးခံရသူများဖော်ထုတ်ရေးပေါ်လစီလမ်းညွှန်၊ ဘာလီလုပ်ငန်းစဉ်(Bali Process)၊ ၂၀၁၅၊ အပိုင်း ၃.၁။

၃၄ လူကုန်ကူးမှုပြဋ္ဌာန်းချက်(Trafficking in Persons Protocol)၏ စာစောင် ၆ ကိုကြည့်ပါ။

အကြီးအကဲများသည် လူကုန်ကူးခံရသူများကို ကာကွယ်ရန် တာဝန်ရှိသော်လည်း နိုင်ငံတော်တော်များများတွင်လူမှုရေးအဖွဲ့အစည်း၊နိုင်ငံတကာအဖွဲ့အစည်းနှင့်အခြားအစိုးရမဟုတ်သောဝန်ဆောင်မှု များက လုံခြုံရေးလုပ်ငန်းကို ငွေကြေးအခက်အခဲနှင့်ဖိအားများကြားမှ လုပ်ဆောင်ပါသည်။

- အစိုးရမဟုတ်သော အဖွဲ့အစည်းနှင့် နိုင်ငံတောအဖွဲ့အစည်းများသည် အထူးနိုင်ငံတော်ဝန်ဆောင်မှု သတင်းအချက် အလက်များပေးခြင်းဖြင့် အစိုးရအကြီးအကဲများကို ကူညီနိုင်သည်။
- ၄င်းတို့ သည် နေရာထိုင်ခင်း၊ အစားအစာ၊ ကျန်းမာရေး၊ လိင်ပိုင်းကျန်းမာရေးဝန်ဆောင်မှု၊ စိတ်ပိုင်းနှစ်သိမ့်ခြင်း၊ ဥပဒေနှင့်

ပြောင်းရွှေ့ အကြံပေးခြင်းပုံစံဖြင့် ရုပ်ပိုင်းအကူအညီပေးနိုင်သည်။ ကာကွယ်ရေးတာဝန်နှင့်အညီ နိုင်ငံတော်က လူကုန်ကူးခံရမှုကို ကာကွယ်ရန် လူမှုရေးအသင်းများကို ငွေရေးကြေးရေး ထောက်ပံ့ပေးရမည်။[၃၅]

- ကုလမသဂ္ဂအေဂျင်စီနှင့် နိုင်ငံတကာရွှေ့ပြောင်းသွားလာအဖွဲ့အစည်း (IOM) ကဲ့သို့ နိုင်ငံတကာ အဖွဲ့အစည်းများသည် ငွေကြေးနှင့်ရုပ်ပစ္စည်း အကူအညီပေးနိုင်သည်။[၃၆]

## ပြန်လာခြင်းနှင့် ပြန်လည်ပူးပေါင်းခြင်းဆိုင်ရာ ပုဂ္ဂလိကဆိုင်ရာ အစိုးရအကြီးအကဲများ

လူကုန်ကူးခံရသူများ၏မိမိနိုင်ငံကိုပြန်လည်ဝင်ရောက်လာမှု၊၄င်းသူတို့၏နိုင်ငံအတွင်းပြန်လည်ပူးပေါင်းမှုတွင် အကျုံးဝင်သော ပုဂ္ဂလိက အစိုးရအကြီးအကဲများတွင် လဝကနှင့် နိုင်ငံခြားရေး အရာရှိများ၊ ရဲအရာရှိများ၊ကောင်စစ်ဝန်များ၊လူမှုရေးဌာနများနှင့်၊မူရင်းနှင့်နောက်ဆုံးရောက်ရှိနိုင်ငံရှိအကြီးအကဲများပါဝင်သည်။ပြန်သောနိုင်ငံနှင့် လက်ခံသောနိုင်ငံရှိအရာရှိများသည်လူကုန်ကူးခံရသူများကိုနေရပ်ပြန်နိုင်ရန် စာရွက်စာတမ်းထုတ်ပေးရမည်။[၃၇] ပြန်ပို့သောနိုင်ငံနှင့် လက်ခံရရှိတဲ့ နိုင်ငံများရှိ အစိုးရပိုင်နေရာ ချထားရေးစခန်း(သို့)ယာယီနေထိုင်ရေးစီစဉ်ပေးသူများသည်စီစဉ်နေတဲ့ကာလတလျှောက်ပူးပေါင်းဆောင်ရွက်ရမည်။အဆိုပါနိုင်ငံမှအစိုးရအရာရှိများသည်ပြန်လာသူများ၏လူမှုရေးဆိုင်ရာစီမံချက်ကိုကြိုတင်ညှိနှိုင်းရန် လိုအပ်သည်။ ဥပမာ၊ အလုပ် သမားဌာန၊ အလုပ်သမားဝန်ကြီးဌာန၊ စက်မှုဌာနသည် လူမှုဘောင်တွင်း ပြန်လည်ဝင်ရောက်သည့် ၄င်းပြန်သူများအတွက် အလုပ် အကိုင်အခွင့်အလမ်းများ ဖွင့်ပေးရမည်။

NGOs သည်ပြန်လာသူနှင့် ပြန်လည်ထူထောင်သည့်ကိစ္စတို့ တွင် အမျိုးသမီး၊ ကလေး၊ ရွှေ့ပြောင်းလုပ်သားနှင့်လူကုန်ကူးခံရသူများနှင့် ပြန်ပို့ ရေးအဖွဲ့များ တည်ထောင်ပေးရမည်။ ကုလ(UN)နှင့် ရွှေ့ပြောင်းအေဂျင်စီ(IOM)ကဲ့သို့ သော ကမ္ဘာ့အဖွဲ့အစည်းများသည် ပြန်လာမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းကို ပံ့ပိုးကူညီပြီး နိုင်ငံအချင်းချင်းပူးပေါင်းမှု လွယ်ကူစေရန် ဖန်တီးပေးရမည်။[၃၈] အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့်ကြားခံအဖွဲ့အစည်းများက ပြန်လာသောနိုင်ငံနှင့် ပြန်မလာနိုင်သော လက်ခံကြားဌာနဆိုင်ရာ အကူအညီများ ကြိုတင်၍သော်လည်းကောင်း၊ နောင်းပိုင်းသို့ လည်းကောင်း လုပ်ဆောင်ပေးရမည်။

[၃၅] လူကုန်ကူးခံရသူများကိုတိုက်ရိုက်အကူအညီပေးရေးအတွက် IOM လက်စွဲစာအုပ်၊ IOM၊ ၂၀၀၇၊ အခန်း ၄ နှင့် ‘ National Referral Mechanisms, Joining efforts to protect the Rights of Trafficked Persons: A Practical Handbook ’၊ OSCE၊ ၂၀၀၄၊ စာမျက်နှာ ၇၃-၇၆ ကိုကြည့်ပါ။

[၃၆] ကမ္ဘာ့ကူညီစောင့်ရှောက်ရေးရန်ပုံငွေအဖွဲ့ (Global Assistance Fund - GAF)နှင့် နိုင်ငံနှင့်ဒေသဆိုင်ရာအဆင့်များမှအခြားထောက်ပံ့ရေးယန္တယားမှ တစ်ဆင့် IOM အနေနှင့် တစ်နှစ်ကို ခန့်မှန်းခြေအားဖြင့် လူကုန်ကူးခံရသူပေါင်း ၆၀၀၀-၇၀၀၀ လောက်ကို တိုက်ရိုက်အကူအညီပေးပါသည်။

[၃၇] သံရုံးများနှင့်ကောင်စစ်ဝန်ရုံးများအနေနှင့် ၄င်းသူတို့ ခရီးသွားနိုင်ဖို့ စာရွက်စာတမ်းများထုတ်ပေးသောအခါ လူကုန်ကူးခံရသူအဖြစ်မဖော်ပြရပါ။ ပြန်ပို့ ပေး တဲ့ အာဏာပိုင်များအနေနှင့် သက်ဆိုင်ရာပုဂ္ဂိုလ်၏ကိုယ်ရေးကိုယ်တာအချက်အလက်များကို ၄င်းသူ၏ ယတိပြတ်ခွင့်ပြုချက်မရရှိပဲ မူရင်းနိုင်ငံများသို့ မပေး ရပါ။

[၃၈] လူကုန်ကူးခံရသူများကိုတိုက်ရိုက်အကူအညီပေးရေးအတွက် IOM လက်စွဲစာအုပ်၊ IOM၊ ၂၀၀၇၊ အခန်း ၄ နှင့် ‘ National Referral Mechanisms, Joining efforts to protect the Rights of Trafficked Persons: A Practical Handbook ’၊ OSCE၊ ၂၀၀၄၊ စာမျက်နှာ ၈၀-၈၃ ကိုကြည့်ပါ။

## ၃.၂။ နိုင်ငံရေးအဆင့်ညှိနှိုင်းခြင်း

နိုင်ငံရေးအဆင့်ညှိနှိုင်းခြင်းကိုဘက်စုံပုဂ္ဂလိက၊ အစိုးရအကြီးအကဲနှင့်အဖွဲ့အစည်းများ၏ထိရောက်သော ကာကွယ်ရေးဆိုင်ရာ ညှိနှိုင်းမှုအတွက် မူဝါဒများချမှတ်ပေးရန် လိုအပ်ပါသည်။

> အကြံပြုချက်။ လူကုန်ကူးခံရသူများကိုကာကွယ်ရန်အတွက် အမျိုးသားညီညွတ်မှုယန္တရားကိုတရားဝင်ဖြစ်စေပါ။
>
> အမျိုးသားညီညွတ်မှုယန္တရားသည် တရားဝင်ဖြစ်လာသောအခါ ပိုမိထိရောက်လိမ့်မည်။ ဥပမာ-ပုဂ္ဂလိက၊ အစိုးရထိပ်သီးနှင့်အဖွဲ့အစည်းတာဝန်ကိုပြဋ္ဌာန်းပေးသော စာချွန်လွှာ(MOUs)ကို လက်မှတ်ထိုးခြင်း။

နိုင်ငံတကာအဆင့်တွင် အဖွဲ့ဝင်နိုင်ငံများသည် လူကုန်ကူးမှုဆန့်ကျင်သည့် အဖွဲ့အစည်းတွင် ပါဝင်ခြင်းအားဖြင့် ညှိနှိုင်းမှုတာဝန်ယူကြပါသည်။ ၄င်းအပြင်၊ အားကောင်းသော ဒေသဆိုင်ရာ တာဝန်ယူမှုကိုလည်း လုပ်ခဲ့ကြပါသည်။ ဥပမာ- အာဆီယံအဖွဲ့ဝင်နိုင်ငံများသည် ကလေးနှင့်အမျိုးသမီးများ လူကုန်ကူးမှုဆန့်ကျင်ရေးကြေငြာစာတမ်းတွင် လက်မှတ်ရေးထိုးကြပါသည်။ ၄င်းစာတမ်းအကြံပြုချက်။လူကုန်ကူးခံရသူများကိုကာကွယ်ရန်အတွက်အမျိုးသားညီညွတ်မှုယန္တရားကိုတရားဝင်ဖြစ်စေပါ။အမျိုးသားညီညွတ်မှုယန္တရားသည်တရားဝင်ဖြစ်လာသောအခါပိုမိထိရောက်လိမ့်မည်။ဥပမာပုဂ္ဂလိက၊အစိုးရထိပ်သီးနှင့်အဖွဲ့အစည်းတာဝန်ကိုပြဋ္ဌာန်းပေးသောစာချွန်လွှာ(MOUs)ကုလက်မှတ်ထိုးခြင်း။လူကုန်ကူးခံရသူများ၏ရပိုင်ခွင့်နှင့်ဂုဏ်သိက္ခာကိုကာကွယ်ရန်အပါအဝင်လူကုန်ကူးမှုတားဆီးရေးဒေသဆိုင်ရာချဉ်းကပ်မှုလိုအပ်ကြောင်းဦးစားပေးပါသည်။[၃၉]COMMITခေါ်လူကုန်ကူးမှုဆန့်ကျင်ရေးမဲခေါင်ဒေသဝန်ကြီးများအဆင့်ဆွေးနွေးသဘောတူချက်ကို၂၀၀၄ခုနှစ်မဲခေါင်ဒေသဆိုင်ရာနားလည်မှုစာချွန်တော်လက်မှတ်ရေးထိုးကျင်းပခဲ့ပါသည်။၄င်းအရ၊လူကုန်ကူးမှုကာကွယ်ရေး၊လူကုန်ကူးခံရသူများပြန်လည်ထူထောင်ရေး၊ပုံမှန်လူမှုဝန်းကျင်ရောက်ရေးတို့ကိုအားဖြည့်ပေးပါသည်။[၄၀] COMMIT လုပ်ငန်းအရအစိုးရအသီးသီးကနိုင်ငံတကာစံချိန်နှင့်အညီလူကုန်ကူးမှုဆန့်ကျင်ရေးပူးပေါင်းလုပ်ကိုင်ကြပါသည်။၎င်းအဖွဲ့တွင်ရဲဌာန၊တရားရေးဌာန၊လူမှုဖူလုံရေးဌာန၊အမျိုးသမီးဌာနတို့မှအစိုးရအရာရှိတို့ကလူကုန်ကူးမှုဆန့်ကျင်ရေးပေါ်လစီနှင့်ရှေ့ဆက်လက်လုပ်ရမည့်လုပ်ငန်းစဉ်တို့ကိုကုလသမဂ္ဂအေဂျင်စီ၊IOM၊အရပ်သားအဖွဲ့အစည်းများအပါအဝင်အစိုးရနှင့်အစိုးရမဟုတ်သောအဖွဲ့အစည်းတို့ပူးပေါင်းခြင်းဖြင့်လုပ်ဆောင်ရန်ဆုံးဖြတ်ကြပါသည်။[၄၁]

အခြား နိုင်ငံရေးဆိုင်ရာတာဝန်ယူမှု နမူနာတစ်ခုမှာ (SAARC)ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ တောင်အာရှအသင်း၏ ကလေးသူငယ်နှင့်အမျိုးသမီးများ ပြည့်တန်ဆာလုပ်ငန်းအတွက် လူကုန်ကူးမှုတိုက်ဖျက်ရန်နှင့် ကာကွယ်ရန်ညီလာခံတွင် တွေ့ရပါသည်။[၄၂] ၎င်းညီလာခံအရ သက်ဆိုင်ရာအဖွဲ့ဝင်နိုင်ငံတို့က လူကုန်ကူးခံရသူများအတွက် ကာကွယ်ပေးသော အိမ်ယာများတည်ဆောက်ရန်နှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းတို့၏လုပ်ငန်းတို့ကို အသိအမှတ်ပြုပါသည်။

နိုင်ငံတော်အဆင့်တွင် နိုင်ငံရေးဆိုင်ရာ ညှိနှိုင်းမှုများ နည်းမျိုးစုံဖြင့် လုပ်ဆောင်ကြရာ၊ အစိုးရနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းများက ကာကွယ်ရေးဆိုင်ရာ ညှိနှိုင်းမှုများ လုပ်ဆောင်ကြပါသည်။ ချဉ်းကပ်မှုအရပ်ရပ်သည် တစ်နိုင်ငံနှင့်တစ်နိုင်ငံ မတူပါ။ သို့သော် အဆင့်မြင့်အရာရှိ (သို့) အေဂျင်စီမှ ညှိနှိုင်းဦးဆောင်သူတစ်ဦးပါဝင်ပြီး စားပွဲဝိုင်းဆွေးနွေးပွဲတွင် အစိုးရအေဂျင်စီနှင့် အရပ်သားအဖွဲ့အစည်းတို့မှ ကိုယ်စားလှယ်များပါဝင်ပြီး နိုင်ငံတော်ပေါ်လစီနှင့် လုပ်ထုံးလုပ်နည်းတို့ကို ဖွံ့ဖြိုးတိုးတက်စေပါသည်။

---

[၃၉] http://www.asean.org/communities/asean-political-security-community/item/asean-declaration-against-trafficking-in-persons-particularly-women-and-children-3 ကိုကြည့်ပါ။

[၄၀] ကမ္ဘောဒီးယား၊ တရုတ်၊ လာအို၊ မြန်မာ၊ ထိုင်းနှင့်ဗီယက်နမ်။

[၄၁] http://www.no-trafficking.org/commit.html ကိုကြည့်ပါ။

[၄၂] အမျိုးသမီးများနှင့်ကလေးသူငယ်များ ပြည့်တန်ဆာလုပ်ငန်းအတွက် ကုန်ကူးခံရရေးကာကွယ်ခြင်းနှင့်တိုက်ဖျက်ခြင်းအတွက် ဒေသတွင်းပူးပေါင်း ဆောင်ရွက်ရေး တောင်အာရှအဖွဲ့အစည်းသဘောတူညီချက်(SAARC)၊ ၂၀၀၂။ ဘင်္ဂလားဒေ့ရှ်၊ ဘူတန်၊ အိန္ဒိယ၊ မော်လဒိုက်၊ နီပေါ၊ ပါကစ္စတန်နှင့်သီရိ လင်္ကာအစိုးရများ လက်မှတ်ရေးထိုးထားပါသည်။

## ၃.၃။ လုပ်ငန်းအဆင့်ညှိနှိုင်းဆွေးနွေးခြင်း

ပုဂ္ဂလိက၊ အစိုးရအကြီးအကဲနှင့် အဖွဲ့အစည်းတို့ ကို လူကုန်ကူးမှုကာကွယ်ရေးတွင် တာဝန်ပေးသော်လည်း ကူညီပံ့ပိုး ပေးရာတွင် ခြားနားသောဝန်ဆောင်မှုဆိုင်ရာ ညှိနှိုင်းမှုယန္တရားသည် အလွန်အရေးကြီးပါသည်။ လုပ်ငန်းအဆင့် ညှိနှိုင်း မှု ပိုမိုထိရောက်ရန် လူကုန်ကူးခံရသူများအတွက် အမျိုးမျိုးသောယန္တရားကို အသုံးချခဲ့ပြီးဖြစ်ပါသည်။[၄၃] အစပထမတွင် သက်ဆိုင်ရာ ပုဂ္ဂလိက၊ အစိုးရအကြီးအဲများ၊ ၎င်းတို့ ၏ တာဝန်များကို သတ်မှတ်ရန် အရေးကြီးပါသည်။

နိုင်ငံ့ခေါင်းဆောင်အကြီးအကဲနှင့်အကြီးအကဲမဟုတ်သူများကြားညှိနှိုင်းမှုယန္တရားကိုအောက်ပါအတိုင်းဖော်ပြပါသည်။ အရပ်သားအသင်းအဖွဲ့ များနှင့်နိုင်ငံအကြီးအကဲတို့ ပူးပေါင်းပြီး ၎င်းတို့ တာဝန်ဖြစ်တဲ့ လူကုန်ကူးခံရသူများ၏ လူ့အခွင့်အရေးကို ကာကွယ်ပေးရေးနှင့် အားပေးရန်တို့ဖြစ်သည်။၄၄ နိုင်ငံရေးအဆင့်တွင်လူကုန်ကူးမှုကာကွယ်ရေးအတွက်တာဝန်ယူမှုပေးသော်လည်းအစိုးရနှင့်အစိုးရမဟုတ်သည့်အကြီးအကဲများညှိနှိုင်းမှုကိုလူကုန်ကူးခံရသူများအားထိရောက်သောကူညီမှု၊ကာကွယ်မှုရရှိရန်ယန္တရားလည်ပတ်မှုအရေးကြီးပါသည်။ဝန်ဆောင်မှုပေးသူများကိုဤနည်းဖြင့်စည်းရုံးခြင်းဖြင့်တရားဥပဒေပြုမှု၊ပေါ်လစီများနှင့်လုပ်ထုံးလုပ်နည်းများအကောင်အထည်ဖော်ခြင်းဖြင့်ကာကွယ်ရေးတိုးတက်ပါသည်။

> ### အကြံပြုချက်။ ညှိနှိုင်းမှုယန္တရား လည်ပတ်စေပါ။
>
> နိုင်ငံ၊ ဒေသဆိုင်ရာလူကုန်ကူးမှုကာကွယ်ရေးနှင့် တိုက်ဖျက်ရေးအောင်မြင်မှုအတွက် အေဂျင်စီအချင်းချင်းညှိနှိုင်းဆောင်ရွက်မှုကို ဆောင်ရွက်ရမည်။ ပုဂ္ဂလိက၊ အစိုးရထိပ်သီးနှင့်အဖွဲ့အစည်းတို့ က လက်ခံသဘောတူပြီး၊ အသုံးချမည့်ယန္တရားများကို စောင့်ကြည့်ခြင်း၊ အကဲဖြတ်ခြင်း၊ ပုံမှန်အစည်းအဝေးကျင်းပခြင်းနှင့် ပုံမှန်လုပ်ထုံးလုပ်နည်းများ ပါဝင်စေရမည်။

ညှိနှိုင်းမှုယန္တရားသည်ဘက်စုံပုဂ္ဂလိက၊အစိုးရအကြီးအကဲမကာကွယ်ရေးဆိုင်ရာအကောင်းဆုံးလုပ်ထုံးလုပ်နည်းများဖလှယ်ရန်ခွင့်ပြုပါသည်။ထိုအပြင်နစ်ဖက်သဘောတူဒေသနှင့်နိုင်ငံတကာကာကွယ်ရေးပူးပေါင်းဆောင်ရွက်မှုတို့ကိုကူညီပံ့ပိုးနိုင်ပါသည်၊ထိုကဲ့သို့သောအစီအစဉ်ကိုစုံစမ်းထောက်လှမ်းရန်နှင့်တရားစွဲဆိုရန်ကိစ္စရပ်များတွင်အသုံးပြုရုံပေမဲ့၊လူကုန်ကူးခံရသူများကိုကာကွယ်ပေးရန်အဓိကအာရုံထားပါသည်။၄၅

ထိရောက်သောညှိနှိုင်းမှုယန္တရားတွင် လိင်၊ လုပ်သားဆိုင်ရာအမြတ်ထုတ်မှုနှင့် ကိုယ်အင်္ဂါများ ခွဲစိတ်ဖယ်ထုတ်မှုများအပါအဝင် ပုံစံအမျိုးမျိုးရှိပါသည်။ လူကုန်ကူးခံရသူအုပ်စုများတွင် လူကြီးလူငယ်၊ အမျိုးသားနှင့် အမျိုးသမီးငယ်များ၊ အမျိုးသမီးနှင့် အမျိုးသမီးငယ်များပါဝင်ပြီး လူကုန်ကူးမှုမှာလည်း ပြည်တွင်းနှင့် ပြတ်ဖြတ်ကျော်ကိစ္စများ ပါဝင်ပါသည်။ ထို့ကြောင့် ဦးဆောင်မှုနှင့် တာဝန်ယူမှုအပါအဝင် ညှိနှိုင်းမှုယန္တရားကို ပွင့်လင်းမြင်သာစွာ ဖော်ပြရမည်။

လူကုန်ကူးမှုဆိုင်ရာဌာနကော်မတီများသည် တရားရေးဌာန၊ အလုပ်သမားဌာ၊ လဝကဌာန၊ စက်မှုဌာန၊ လူမှုဖူလုံရေးဌာနတို့ မှ ကိုယ်စားလှယ်များ တစ်စုတစ်စည်းတည်း စည်းရုံးခြင်းဖြင့် အသုံးဝင်သော ယန္တရားဖြစ်လာပါမည်။ နိုင်ငံတော်အဆင့် စားပွဲဝိုင်းဆွေးနွေးပွဲကိုလည်း အစိုးရနှင့် အရပ်သားအဖွဲ့အစည်းကြား အလုပ်သမားသမဂ္ဂနှင့် ပုဂ္ဂလိက၊ အစိုးရအကြီးအကဲကြား အစည်းအစေးပွဲများ ကျင်းပပေးရပါမည်။ လုပ်ဆောင်မှု အုပ်စုများကိုလည်း လူကုန်ကူးမှုကိစ္စ ကာကွယ်ရန် ဖွဲ့စည်းပေးရမည်။

[၄၃] လူကုန်ကူးမှုအပေါ် အပြည်ပြည်ဆိုင်ရာ တစ်နိုင်ငံနှင့်တစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုကိုလုပ်ဆောင်မှုအတွက်၊ လူကုန်ကူးမှုများဆိုင်ရာ အပြည်ပြည် ဆိုင်ရာ ဥပဒေပူးပေါင်းဆောင်ရွက်မှုအတွက် ထုတ်ထားသော ' ASEAN ' လက်စွဲစာအုပ်ကိုကြည့်ပါ။

[၄၄] 'National Referral Mechanisms, Joining efforts to protect the Rights of Trafficked Persons: A Practical Handbook'၊ OSCE/ODIHR၊ ၂၀၀၄၊ စာမျက်နှာ ၁၅ ကိုကြည့်ပါ။

[၄၅] လူကုန်ကူးမှု၊ ဥရောပယူနီယံညွှန်ကြားချက်မှ စုပေါင်း UN မှတ်ချက်များ- လူ့ အခွင့်အရေးရှုထောင့်မှချဉ်းကပ်မှု၊ OHCHR/UNHCR/UNICEF/ UNODC/ UN Women နှင့် ILO၊ ၂၀၁၁၊ စာမျက်နှာ ၅၀ နှင့် OSCE ဒေသတွင် လက်ရှိ NRM ဖွံ့ဖြိုးတိုးတက်ရေး၊ ODIHR၊ ၂၀၀၈။

## လူကုန်ကူးခံရသူများကာကွယ်ရေးတွင် ညှိနှိုင်းရေးအားဖြင့် လုပ်ဆောင်မှုဆိုင်ရာ နိုင်ငံရေးတာဝန်ယူမှု

MOUs အပါအဝင် ထိရောက်သော နိုင်ငံရေးတာဝန်ယူမှုတွင် အောက်ပါတို့ ပါဝင်ပါသည်။

- တာဝန်ယူမှုဆိုင်ရာ အဖွဲ့ဝင်များ၊ ၎င်းတို့၏ အထူးလုပ်ပိုင်ခွင့်နှင့် လုပ်ဆောင်မည့်ဒေသ
- ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ မူဝါဒနှင့် ရည်ရွယ်ချက်
- တာဝန်ယူမှုမှ အကျိုးခံစားရန် လျာထားအုပ်စု
- ဘေးကင်းလုံခြုံသော သတင်းအချက်အလက်ဖလှယ်မှုအစီအစဉ်
- ပူပေါင်းဆောင်ရွက်မှုအတွက် လုပ်ထုံးလုပ်နည်းများ
- အရွယ်မရောက်သူများအတွက် သင့်လျော်သော အစီအမံများ

လက်တွေ့တွင် နိုင်ငံရေးဆိုင်ရာတာဝန်ယူမှုကို အောက်ပါလူကုန်ကူးမှုကာကွယ်ရေးတွင် အကောင်အထည်ဖော်ရမည်။

- နိုင်ငံရေးဆိုင်ရာတာဝန်ယူမှုကို လုံလောက်သောငွေကြေးထောက်ပံ့ရမည်။
- လူကုန်ကူးခံရသူအဖြစ် သံသယရှိသူကို မည်သို့သောအခြေအနေတွင်ဖြစ်စေ၊ လူကုန်ကူးခံရသူဖြစ်သကဲ့သို့ ကာကွယ်ပေးရမည်။
- လူကုန်ကူးခံရသူအဖြစ် ယူဆထားသူများကို ၎င်းတို့နားလည်သဘောပေါက်သော ဘာသာစကားဖြင့် ကာကွယ်ရေးနှင့်ထောက်ပံ့ရေးကိစ္စ နှုတ်အားဖြင့်လည်းကောင်း၊ စာဖြင့်လည်းကောင်း အသိပေးရမည်။
- လူကုန်ကူးခံရသူအဖြစ် ယူဆထားသူများကို အတိတ်ပြန်လည်သတိရရန် စဉ်းစားချိန်ပေးရမည်။
- ဘေးကင်းနေထိုင်ရေးနှင့်ထောက်ပံ့ရေးတို့ကို လူကုန်ကူးခံရသူအဖြစ် ယူဆထားသူများအား မည်သည့်အခြေအနေတွင်မဆို ပေးရမည်။
- တရားရေးစီရင်ရေးအာဏာပိုင်များနှင့်ပူးပေါင်းဆောင်ရွက်ရန်(သို့)မူရင်းနိုင်ငံသို့ ပြန်ရန် ဆုံးဖြတ်သော သူများနှင့်သက်ဆိုင်ရာအစိုးရနှင့်အစိုးရမဟုတ်သောအဖွဲ့အစည်းမှကာကွယ်ရေးဝန်ထမ်းတို့သည်ညှိနှိုင်းဆောင်ရွက်ရမည်။
- အစိုးရနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းမှ ကာကွယ်ရေးဝန်ထမ်းတို့သည် အထက်ပါ သံသယရှိသူများအား လူကုန်ကူးသူများမှ အန္တရာယ်ရှိမရှိ ဆွေးနွေးရမည်။
- အထက်ပါသံသယရှိသူများအား အနာဂတ်တရားစွဲဆိုရေးသင်တန်းကို ၎င်းတို့ နားလည်သောဘာသာ ဖြင့် နှုတ်၊ စာနှင့် အသိပေးရမည်။
- အထက်ပါသံသယရှိသူများကို တရားရေးကိစ္စမတိုင်မီ (သို့) ကာလအတွင်း (သို့) ပြီးနောက် ဝန်ဆောင်မှုပေးသူများမှ အနီးကပ်လိုက်ပါကူညီရမည်။
- လူကုန်ကူးခံရသူများသည် ၎င်းတို့၏ ထိခိုက်နစ်နာမှုအရပ်ရပ် အသိအမှတ်ပြုခံရသောအခါ လျော်ကြေးနှင့်ငွေကြေးအထောက်အပံ့ ခံစားပိုင်ခွင့်ရှိသည်။
- လူကုန်ကူးခံရသူများ၏ ကာကွယ်ရေးလိုအပ်ချက်ကို ၎င်းတို့၏ ပြန်လည်ထူထောင်ရေး အထောက်အပံ့ဖြစ်ရန် တရားရေးကိစ္စပြီးဆုံးသောအခါ ထည့်သွင်းစဉ်းစားရမည်။



# အပိုင်း ၄။

## လူကုန်ကူးခံရသူများကို ကာကွယ်ရေးအတွက် မှတ်ချက်များအကျဉ်းချုပ်

✓ လူကုန်ကူးခံရသူများကို ကာကွယ်ရေးအတွက် အဓိကကျသော မူဝါဒများကို လိုက်နာပါ။

- နိုင်ငံတွင်း တရားမဝင် ဝင်ရောက်လာခြင်း(သို့ )နေထိုင်ခြင်းအတွက် လူကုန်ကူးခံရသူများကို မထိန်းသိမ်းရ၊ ပုဒ်မ မတပ်ရ(သို့ )တရားမစွဲရ
- လူကုန်ကူးခံရသူများကို ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုကို လုံလောက်စွာ ရပိုင်ခွင့်ပေးပါ။
- ဥပဒေကြောင်းရင်ဆိုင်နေရသော လူကုန်ကူးခံရသူများကို ဥပဒေဆိုင်ရာနှင့်အခြားသောအကြံဉာဏ်၊ အကူအညီပေးပါ။
- ကလေးအခွင့်အရေးများ၊ ရပိုင်ခွင့်များနှင့် လိုအပ်ချက်များနှင့်အညီ လူကုန်ကူးခံရသူ ကလေးသူငယ်တို့ ကို သင့်လျော်သောအထောက်အပံ့နှင့် အကာအကွယ်ပေးပါ။
- နေရင်းနိုင်ငံသို့ မိမိဆန္ဒအလျောက် ပြန်သောသူများကို ဘေးကင်းရေး အာမခံပေးပါ။
- လူကုန်ကူးခံရသူများကိုအကျိုးသက်ရောက်မှု၊သင့်လျော်သောဥပဒေဆိုင်ရာကုစားမှု၊ပြေလျော့မှုပေးပါ။

✓ နိုင်ငံတကာဥပဒေပါကာကွယ်ရေးပြဌာန်းချက်များကိုအကောင်အထည်ဖော်ပါ။ လူကုန်ကူးမှုဆန့်ကျင်ရေးစီမံချက် အနိမ့်ဆုံးစံချိန်စံညွှန်းကိုကျော်လွန်၍ လုပ်ကိုင်သော နိုင်ငံများကို အခြားနိုင်ငံများအနေနှင့် စံနမူနာယူရန် တိုက်တွန်းပါသည်။ ဥပမာ- တရားစွဲမှုအပြင် လျော်ကြေးပေးခြင်းမူဝါဒများ ပြဌာန်းပါ။

✓ လူကုန်ကူးခံရသူကို ဗဟိုပြုသောကာကွယ်ရေးချဉ်းကပ်မှုကို လုပ်ဆောင်ပါ။ လူကုန်ကူးခံရသူများနှင့် ၄င်းတို့ ၏မိသားစုများ ဘေးကင်းရေးနှင့် ၄င်းတို့ နှင့်သက်ဆိုင်သော ကိုယ်ရေးကိုယ်တာ သတင်းအချက်အလက်များ လျှို့ဝှက်ထားရေးတို့ ကို စဉ်းစားပြီး၊ ၄င်းတို့ ကို ဗဟိုပြုသောကာကွယ်ရေးချဉ်းကပ်မှုကို လုပ်ဆောင်ပါ။ လူကုန်ကူးခံရသူများအားလုံးကို ခွဲခြားဆက်ဆံမှုမရှိသော လူကုန်ကူးမှုကာကွယ်ရေးအစီအစဉ်ကိုပေးသင့်ပြီး၊ အထူးကျွမ်းကျင်သော၊ အစိုးရမဟုတ်သောအဖွဲ့ အစည်းများနှင့် ထိထိရောက်ရောက်ညှိနှိုင်းဆောင်ရွက်ခြင်းအပါအဝင် လူကုန်ကူးခံရသူများ၏ လိုအပ်ချက်များနှင့်အညီ လိုက်လျောညီထွေဆောင်ရွက်ရမည်။

✓ လူကုန်ကူးခံရသူတို့ ပူးပေါင်းသည်ဖြစ်စေ၊ မပူးပေါင်းသည်ဖြစ်စေ ကာကွယ်ပေးပါ။ လူကုန်ကူးခံရသူတို့ ၏ ရွှေ့ပြောင်းဝင်ရောက်လာမှု(သို့ )အနေအထားကို ထည့်သွင်းမစဉ်းစားပဲ၊ ဥပဒေရေးရာတရားစီရင်ရေးတွင် ပူးပေါင်းပါဝင်သည်ဖြစ်စေ၊ မပါဝင်သည်ဖြစ်စေ နိုင်ငံများအနေနှင့်၊ သူတို့ ရဲ့ တာဝန်အနေနှင့် ကာကွယ်မှုကိုပေးရမည်။

✓ လူကုန်ကူးခံရသူများကို အနားယူချိန်ပေးပါ။ သူတို့ ၏ကြုံတွေ့ ခဲ့ရသော အတွေ့ အကြုံတို့ မှ ကုစားနိုင်ရန် ကုစားချိန်ပေးပါ။ ဤကိစ္စတွင် လူကုန်ကူးခံရသူအနေနှင့် လူကုန်ကူးသူများကို ပြစ်မှုဆိုင်ရာ တရားစွဲရေးအစီအစဉ်တွင် ပါဝင်သည်ဖြစ်စေ၊ မပါဝင်သည်ဖြစ်စေ၊ နိုင်ငံစပ်ခြား ကုန်ကူးခံရသူများကို ယာယီနေထိုင်ခွင့်ဗီဇာ အစရှိသော အကူအညီနှင့် ကုစားချိန်ပေးပါ။

✓ လူကုန်ကူးခံရသူများကို အကောင်းဆုံးစနစ်နှင့်ကာကွယ်မှုပေးပါ။ လူ့အခွင့်အရေးမဟာမင်းကြီးရုံး (OHCHR) လမ်းညွှန်ချက်(၆)က လူ့အခွင့်အရေးနှင့် လူကုန်ကူးမှုအတွက် လိုက်နာရမည့်အချက်များနှင့် လမ်းညွှန်ချက်များကိုညွှန်းဆိုထားပါသည်။ ဤလမ်းညွှန်ချက်အရ နိုင်ငံများစပ်ကြားအစိုးရနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းများအနေနှင့် အောက်ပါအချက်များကို စဉ်းစားသင့်သည်။

- လူကုန်ကူးခံရသူများကို မည်သည့်လဝကထိန်းသိမ်းရေးစခန်း(သို့ )အခြားထိန်းသိမ်းရေးစခန်းများတွင် မထိန်းသိမ်းရန်။
- လူကုန်ကူးခံရသူများ သဘောတူခွင့်မပြုသည့် မည်သည့်ကာကွယ်မှု(သို့ )အထောက်အပံ့လုပ်ငန်းစဉ်များကိုလက်မခံရန်။
- လူကုန်ကူးခံရသူများအနေနှင့် ၄င်းတို့ ၏အခွင့်အရေးများဖြစ်သော မိမိနေရင်းနိုင်ငံ၏ကောင်စစ်ဝန်များနှင့် တွေ့ ဆုံနိုင်ကြောင်း အကြောင်းကြားပေးရန်။
- လူကုန်ကူးခံရသူများကို ၄င်းတို့ ၏ ကိုယ်ရေးကိုယ်တာအချက်အလက်များနှင့် မည်သူမည်ဝါဖြစ်သည်စသည်တို့ ကို ကာကွယ်ရမည့်အပြင် လူကုန်ကူးသူများထံမှ ခြိမ်းခြောက်မှု၊ အန္တရာယ်ပြုမှု(သို့ )ကလဲ့စားချေမှုတို့ ရန်မှ ကာကွယ်ပေးရန်။

✓ ပြစ်မှုတရားစီရင်ရေးတလျှောက် အန္တရာယ်ရှိမရှိကို စစ်ဆေးပါ။ တရားရုံးစစ်ဆေးစဉ်၊ မစစ်ဆေးမီနှင့် စစ်ဆေးပြီး လူကုန်ကူးခံရသူတို့ လိုအပ်သောကာကွယ်မှုဟာ ခြားနားမည်။ သို့ ဖြစ်၍ နိုင်ငံများအနေနှင့် စစ်ဆေးစဉ်အဆင့်ဆင့်တွင် အန္တရာယ်ရှိမရှိကိုစီစစ်စေခြင်းအားဖြင့် ၄င်းတို့ ၏ပြောင်းလဲသောကာကွယ်ရေးလိုအပ်ချက်များနှင့်အညီ လုံလောက်စွာပေးခြင်းဖြင့် ကာကွယ်ရေးလုပ်ဆောင်ချက်များကို ပေးနိုင်လိမ့်မည်။

✓ လူကုန်ကူးခံရသူများနှင့်သက်သေများကို တရားရုံးမစစ်ဆေးမီ ကူညီမှုပေးပါ။ လူကုန်ကူးမှုဆန့်ကျင်ရေးစီမံချက်မှ လူကုန်ကူးခံရသူများနှင့်သက်သေများကို တရားရုံးမစစ်ဆေးမီကူညီမှုအတွက် အနည်းဆုံးအဆင့် အဆင့်အတန်းရှိသောအထောက်အပံ့ကို ပေးပါသည်။ နိုင်ငံများအနေနှင့် ထိုကဲ့သို့ သောအထောက်အပံ့ကိုပေးနိုင်ရန်အတွက် တရားဝင်ဖြစ်သောလုပ်ငန်းစဉ်ကို လုပ်ဆောင်ရမည်။ တရားစွဲရေးစနစ်၊ အထူးကူညီပေးရေးစနစ်ကိုနားလည်သော၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ(NGOs)နှင့် အရပ်သားလူမှုအဖွဲ့အစည်းများအနေနှင့် ထိုသို့ သောအထောက်အပံ့ပေးမှုများကို ကူညီကောင်းကူညီနိုင်လိမ့်မည်။

✓ ဥပဒေကြောင်း စွဲဆိုမှုကာလအတွင်း လူကုန်ကူးခံရသူများကိုကူညီပါ။ နိုင်ငံများအနေနှင့် လူကုန်ကူးခံရသူများကို ဥပဒေကြောင်းစွဲဆိုမှုတွင်ဖြစ်စေ၊ တရားရုံးကြားနာမှုတွင်သက်သေအဖြစ်ဖြစ်စေ ဆောင်ရွက်ရာတွင် ၄င်းတို့ နားလည်သောဘာသာစကားတွင် ကျယ်ကျယ်ဝန်းဝန်းရှင်းပြပေးရမည်။ ထို့ အပြင် နိုင်ငံများအနေနှင့် ၄င်းသူတို့ ၏တရားဝင်အခွင့်အရေးနှင့်တာဝန်များကို သိရှိနားလည်နိုင်စေရန် တသီးတခြားရပ်တည်နေသော ပြင်ပရှေ့ နေများနှင့် တိုင်ပင်ပေးနွေးနိုင်ရန်အခွင့်အရေးပေးဆောင်ရမည်။

✓ ကလေးသူငယ်ကုန်ကူးခံရသူနှင့်သက်သေများအတွက် ကာကွယ်ရေးမူဝါဒများကိုချမှတ်ပါ။ နိုင်ငံများအနေနှင့် အားနွဲ့သောပုဂ္ဂိုလ်များကို ကာကွယ်ရေးအတွက်လိုအပ်သော တိုင်းတာမှုများနှင့် ထောက်ခံမှုအကူအညီများကို စဉ်းစားကောင်းစဉ်းစားရမည်။ ကလေးသူငယ်များအတွက်လည်း တစ်ပြိုင်တည်းအကျုံးဝင်ရမည်။ ထပ်မံပြီး ကာကွယ်မှုများအဖြစ်၊ ကလေးငယ်များ၏ ရဲနှင့်ထွက်ဆိုချက်(သို့ )သက်သေအဖြစ်ထွက်ဆိုချက်များကို ရုပ်သံမှတ်တမ်းဖြင့်မှတ်တမ်းတင်ခြင်းကိုခွင့်ပြုရမည်။ သို့ သော် ကလေးသူငယ်များအနေနှင့် အလွန်ဒုက္ခရောက်ခဲ့သောအခြေအနေမှလာခဲ့လျှင်၊ ထိုကဲ့သို့ သောလုပ်ငန်းစဉ်တွင် ပါဝင်စရာမလိုပါ။

- ✓ အကူအညီပေးခြင်း၊ အထောက်အပံ့ပေးခြင်းသည် ပါဝင်ရန်မက်လုံးပေးခြင်းမဟုတ်စေရ။ အကူအညီပေးခြင်း၊အကာအကွယ်ပေးခြင်းကိုတရားစွဲရေးကိုအဟန့် အတားဖြစ်စေသောမက်လုံးအဖြစ်မှတ်ယူမည့်ပုံစံမျိုးအနေနှင့်မပေးဆောင်ရ။သက်သေများကိုထောက်ပံ့သည့်နေရာထိုင်ခင်းနှင့်နေထိုင်ခွင့်ဗီဇာအပါအဝင်မည်သည့်အရာကိုမဆိုမှတ်တမ်းတင်ပြီးကျိုးကြောင်းဆီလျော်စွာရှင်းပြရမည်။ထောက်ပံ့မှုကိုအလွဲ သုံးစားလုပ်ခဲ့လျှင် ဖော်ထုတ်ပြီး အမြန်ဆုံးကိုင်တွယ်ရမည်။

- ✓ စဉ်ဆက်မပြတ်ကာကွယ်သောဖြေရှင်းမှုအဖြစ် ထိရောက်သောနစ်နာကြေးများကိုပေးပါ။ ဥပဒေကြောင်းတရားမျှတမှုအပြင် လူကုန်ကူးခံရသူများကိုနစ်နာကြေးပေးနိုင်သည့် အရင်းအမြစ်များကိုနိုင်ငံများအနေနှင့် စဉ်းစားရမည်။ နစ်နာကြေးများကို လူကုန်ကူးခံရသူ နိုင်ငံခြားသားများကိုလည်းပေးနိုင်ရမည်။

- ✓ လူကုန်ကူးခံရသူများကိုကာကွယ်ရန်အတွက်အမျိုးသားညီညွတ်မှုယန္တရားကိုတရားဝင်ဖြစ်စေပါ။ အမျိုးသားညီညွတ်မှုယန္တရားဟာ တရားဝင်ဖြစ်လာသောအခါ ပိုမိုပြီးထိရောက်လိမ့်မည်။ ဥပမာ- ပုဂ္ဂလိက၊ အစိုးရထိပ်သီးနှင့်အဖွဲ့ အစည်းတာဝန်ကိုပြဋ္ဌာန်းပေးသော စာချွန်လွှာ(MOUs)ကိုလက်မှတ်ထိုးခြင်း။

- ✓ ညှိနှိုင်းမှုယန္တရား လည်ပတ်စေပါ။ နိုင်ငံ၊ဒေသဆိုင်ရာလူကုန်ကူးမှုကာကွယ်ရေးနှင့်တိုက်ဖျက်ရေးအောင်မြင်မှုအတွက်အေဂျင်စီအချင်း ချင်းညှိနှိုင်းဆောင်ရွက်မှုကိုဆောင်ရွက်ရမည်။ပုဂ္ဂလိက၊အစိုးရထိပ်သီးနှင့်အဖွဲ့အစည်းတို့ကလက်ခံသဘောတူပြီး၊အသုံးချမည့်ယန္တရားများကိုစောင့်ကြည့်ခြင်း၊အကဲဖြတ်ခြင်း၊ပုံမှန်အစည်းအဝေးကျင်းပခြင်း နှင့် ပုံမှန်လုပ်ထုံးလုပ်နည်းများပါဝင်စေရမည်။




REGIONAL SUPPORT OFFICE
THE BALI PROCESS

ဆက်သွယ်ရန်

ဒေသဆိုင်ရာထောက်ပံ့ရေးရုံး - ဘာလီလုပ်ငန်းစဉ်
27th Floor Rajanakarn Building
3 South Sathorn Road, Sathorn Bangkok 10120, THAILAND
Tel. +66 2 343 9477  Fax. +66 2 676 7337
info@rso.baliprocess.net

The Bali **Process**

on People Smuggling, Trafficking in Persons and Related Transnational Crime

http://www.baliprocess.net